# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၉၁)၊ ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၁၃–၆–၂၀၂၄၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေး ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် ပညာရေးရလဒ်များနှင့် ကောင်းမွန်သည့် ပညာရေးအခြေအနေများရရှိစေရန် ဦးတည်၍ ဝိုင်းဝန်းဆွေးနွေး

**နိုင်ငံတော်အစိုးရ၏ အားထုတ်မှုသာမက ပြည်သူအားလုံးက ပညာ၏တန်ဖိုးသိရှိပြီး အားထုတ်ခြင်းကသာ ပညာရေးရည်မှန်းချက် အောင်မြင်စေမည်**

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေး ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့

## အီဒုလ်အသွဟာ(ကုရ်ဘာနီအီးဒ်)နေ့ ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

နေပြည်တော် ဇွန် ၁၂

၁၃၈၆ ခုနှစ် နယုန်လဆန်း ၁၂ ရက် (၂၀၂၄ ခုနှစ် ဇွန် ၁၈ ရက်) အင်္ဂါနေ့သည် “ အီဒုလ်အသွဟာ(ကုရ်ဘာနီအီးဒ်)နေ့” ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၅/ ၂၀၂၄ ဖြင့် ကြေညာထားသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၂ ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး၊ တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဇွန် ၁၃ ရက်၊ ကြာသပတေးနေ့။

မန္တလေး

# ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံ အဆင့်မြှင့်တင်ခြင်းဆောင်ရွက်လျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံအဆင့်မြှင့်တင်ခြင်းတွင် ကျန်းမာရေးကဏ္ဍ၌ အရေးကြီးသော လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

မကူးစက်နိုင်သောရောဂါများသည် အရေးကြီးသော ပြည်သူ့ကျန်းမာရေးဦးစားပေးကိစ္စရပ်အဖြစ် အသိအမှတ်ပြုထားသည့်အတွက် ကျန်းမာရေးကဏ္ဍတွင် အရေးကြီးသော လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသရေးအတွက် ကျေးလက်ဒေသအောက်ခြေအထိ မကူးစက်နိုင်သောရောဂါကုသရေးဆေးခန်းများဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှု၏ နောက်ဆက်တွဲအဖြစ် စိတ်ကျန်းမာရေး၏ အရေးပါမှုကို မီးမောင်းထိုးပြခဲ့ပါသဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများတွင် စိတ်ကျန်းမာရေးစောင့်ရှောက်မှုများကို ထည့်သွင်း၍ မွေးစအရွယ်မှ သေဆုံးသည်အထိ စောင့်ရှောက်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်မှုတွင်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးမှုပုံစံများ ကျင့်သုံးရာတွင် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအနက် တတိယမြောက်ကျင့်သုံးသော နိုင်ငံဖြစ်ပါကြောင်း။

အာဆီယံ ၂၀၁၅ ခုနှစ်လွန် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ် ၂၀၂၁-၂၀၂၅ နှင့် အာဆီယံကျန်းမာရေးအစုအဖွဲ့များ၏ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ရန်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဆုံးရှုံးသွားသောအချိန်နှင့် အရှိန်အဟုန်ကို အမီလိုက်နိုင်ရန်အတွက် ကျန်းမာရေးဆိုင်ရာအရင်းအမြစ်များကို အသုံးပြု၍ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အာဆီယံကျန်းမာရေးကဏ္ဍသည် အမှန်တကယ်ပင် အာဆီယံပြည်သူများ၏ ဘဝနေထိုင်မှုပုံစံကို တန်ဖိုးထားကာ အပြောင်းအလဲဖြစ်စေပြီး ဒေသတွင်း လျင်မြန်စွာပြောင်းလဲနေသော လိုအပ်ချက်များနှင့် စိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်ကို အသိအမှတ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ထို့ပြင် ASEAN Health Sector Development အတွက် ဆောင်ရွက်ပြီးစီးမှုများကို ပြန်လည်သုံးသပ်၍ ရှေ့ဆက်ဆောင်ရွက်ရမည့် ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ မြှင့်တင်ရေးလုပ်ငန်းများကိုလည်း မြန်မာနိုင်ငံအနေဖြင့် အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ Hybrid စနစ်ဖြင့် ကျင်းပသည့် (၈)ကြိမ်မြောက် အာဆီယံကျန်းမာရေးအစုအဖွဲ့(၁)၏ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံအဆင့်မြှင့်တင်ခြင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက မကူးစက်နိုင်သော ရောဂါများ ကာကွယ်ထိန်းချုပ်ကုသရေး၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုနှင့် သောက်သုံးမှုထိန်းချုပ်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်သားများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံအဆင့်မြှင့်တင်ခြင်းတွင် စိတ်ကျန်းမာရေး၊ သက်ကြီးရွယ်အို ကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ရွေးချယ်နိုင်ရေးတို့အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (ဆဌမ)အကြိမ်မြောက် ဟင်းသီး၊ ဟင်းရွက်များ ထောက်ပံ့ပေးအပ်

**မန္တလေး ဇွန် ၁၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (ဆဌမ)အကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမဘေးတွင် ပြုလုပ်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(ဆဌမ)အကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက် (၃၀၀) စည်း၊ ခရမ်းသီး(၃၄၀)ထုပ်၊ ချဉ်ပေါင်ရွက် (၄၂၀)စည်း၊ ကြက်ဟင်းခါးသီး(၂၂)စည်း၊ ဖရုံညွန့် (၁၀၀)စည်း၊ ဘူးသီး(၄၅)လုံး၊ ငှက်ပျောဖီး(၃၀)ဖီး၊ ပဲသီးတောင့် (၁၂၀)စည်းတို့ကို စည်ပင်သာယာ ရဲတပ်ဖွဲ့မှ ဝန်ထမ်း(၈၀)ဦး၊ အခွန်ဌာနရှိ ဝန်ထမ်း (၃၅၉)ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန(သတင်းစာဌာနခွဲ)ရှိ ဝန်ထမ်း (၈၈)ဦးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ ဝန်ထမ်း (၃၅)ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဒေါ်အေးယုကျော်နှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာဌာန တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

## မြို့တော်နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်

**မန္တလေး ဇွန် ၁၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် သီရိမာလာအနောက်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် အောက်ကမ်းနားလမ်းအနောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၂၃ လမ်းနှင့် ၂၄ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ရေနီမြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၉ လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၅ လမ်းနှင့် ၁၇ လမ်းကြားမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ပါတ်ကုန်းပျော်ဘွယ် ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၆ လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၃၃ လမ်းနှင့် ၃၄ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ဟေမာဇလရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၉ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35ဘက်ဟိုးစက် အသုံးပြု၍ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၆ လမ်းနှင့် ၃၁ လမ်းတံတားထိပ်မြောင်းအတွင်းမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ၃၅ လမ်းမြောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၆၅ လမ်းနှင့် ၆၆ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မြရည်နန္ဒာရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၁၃ လမ်းမြောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35ဘက်ဟိုးစက်အသုံးပြု၍ ၅၂ လမ်းနှင့် ၅၄ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ကိုလံဘိုမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ နွံနှင့် ဒိုက်များကို Longarm စက်အသုံးပြု၍ ဇောင်းကလော ရေထိန်းတံခါးနှင့် မြောက်ဥယျာဉ် ရပ်ကွက်ကြား ဆယ်ယူရှင်းလင်းခြင်း၊ (ည) ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၄၁ လမ်းမြောက်ဘက်ခြမ်း မြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၅၄ လမ်းနှင့် ၅၅ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ၆၆ လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi ဘက်ဟိုးစက်အသုံးပြု၍ ၁၀၉ လမ်းနှင့် ၁၁၀ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ၆၀C လမ်း အနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Hitachi ဘက်ဟိုးစက် အသုံးပြု၍ ၁၂၂ လမ်းနှင့် ၁၂၃ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်-၃)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပညာရေးညီလာခံ(၂၀၂၄)က ထွက်ပေါ်လာမည့် ရလဒ်များသည် မြန်မာနိုင်ငံပညာရေး တိုးတက်ကောင်းမွန်စေရေးအတွက် အထောက်အကူဖြစ်စေနိုင်အောင် ဆောင်ရွက်

- ယခင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ဝန်ကြီးဌာနများအလိုက် သုံးသပ်ချက်များကိုလည်း အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် ရရှိပြီးအောင်မြင်မှုများကိုလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရန် ကဏ္ဍအလိုက် ရေတိုရေရှည်အစီအမံများနှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်
- သို့မှသာ ပညာရေးညီလာခံက နိုင်ငံ၏အနာဂတ်လူငယ်များအတွက် ကောင်းမွန်သည့်အဖြေများ၊ ကောင်းမွန်သည့်အချက်အလက်များနှင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာရန် အထောက်အကူပြုမည်
- နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် လူငယ်များ၏ ပညာရေးသည် ကောင်းမွန်အောင်မြင်သည့် ပညာရေးဖြစ်ရမည်

ရှေ့ဖုံးမှ

ဦးစွာမြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက်(၉)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လူမှုရေးဦးတည်ချက်ပါ **"တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"** နှင့် **"နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"**ဆိုသည့် ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ပထမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)ကို **"အနာဂတ်ပညာရေးပိုမိုတိုးတက်ကောင်းမွန်စေရေး"** ဆိုသည့် ဦးတည်ချက်နှင့်အညီ ယမန်နှစ်က အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်ကြောင်း။

## ရည်ရွယ်ချက်များ

ယခုနှစ်တွင်ကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များပေါ်ထွန်းလာစေရန်၊ အရည်အသွေးပြည့်ဝသော ပညာတတ်များမွေးထုတ်ပေးနိုင်ရန်၊ ထုတ်လုပ်မှုကိုအားပေးသည့်သက်မွေးပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆရာ ဆရာမများ၏ အရည်အသွေးကိုစဉ်ဆက်မပြတ်မြှင့်တင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးအာမခံမှုရှိသည့် ပညာရေးစနစ် ပိုမိုအားကောင်းလာစေရန် ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကို ကျင်းပရခြင်းဖြစ်ကြောင်း။

ယခုကျင်းပမည့် ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို **"လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကိုပိုမိုမြှင့်တင်ပေး"**ဆိုသည့် ဦးတည်ချက်ဖြင့် ဇွန် ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ကျင်းပနိုင်ရန်အတွက် နေပြည်တော်ကောင်စီအပါအဝင် ဝန်ကြီးဌာန ၁၃ ခုမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများပါဝင်သော ညီလာခံကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၁ ခုတို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ဆပ်ကော်မတီနှင့် လုပ်ငန်းကော်မတီများကလည်း ညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်ပြီးစီးပြီဟု သိရှိရကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍသည် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်အခြားဝန်ကြီးဌာနများက နယ်ပယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ပညာရေးညီလာခံသည်လည်း ဆက်စပ်ဝန်ကြီးဌာနများအားလုံးနှင့် သက်ဆိုင်သည်ကို သတိပြုစေလိုကြောင်းနှင့် ယနေ့အစည်းအဝေးတွင် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်း။

ယခုနှစ် ပညာရေးညီလာခံတွင် ယခင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ Parallel Session များအလိုက် အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သက်မွေးပညာ၊ ဆရာအတတ်ပညာနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍတို့အပြင် အရည်အသွေးအာမခံမှုဆိုသည့် ကဏ္ဍသစ်တစ်ခုကို ထပ်တိုးထားသည့်အတွက် စုစုပေါင်းကဏ္ဍ ခြောက်ခုရှိမည်ဖြစ်ပြီး ကဏ္ဍတစ်ခုချင်းစီအလိုက် စာတမ်းခြောက်ခုစီကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ဆွေးနွေးမှုရလဒ်များကိုလည်း ပြန်လည်သုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း စာတမ်းအလိုက်၊ ဆွေးနွေးမှုများအလိုက် ဖော်ထုတ်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အောင်မြင်စွာအကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ၊ တွေ့ကြုံရသည့်စိန်ခေါ်မှုများကိုကျော်လွှားနိုင်မည့်နည်းလမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များ ပေါ်ထွက်လာသည်အထိ အထူးအလေးထား ဆွေးနွေးသွားရမည်ဖြစ်ကြောင်း၊ ယခင်နှစ်တွင် ကဏ္ဍငါးခုအတွက် စာတမ်း ၄၂ စောင် ဖတ်ကြားခဲ့ပြီး ယခုနှစ်တွင် ကဏ္ဍခြောက်ခုအတွက် စာတမ်း ၃၆ စောင် ဖတ်ကြားသွားမည်ဖြစ်သည့်အတွက် စာတမ်းအရေအတွက် နည်းခြင်းများခြင်းထက် ရလဒ်ကောင်းများရရှိနိုင်ရေး ဦးတည်ရန်ကိုလည်း တိုက်တွန်းလိုကြောင်း၊ ထို့ပြင် ယခင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့် သုံးသပ်ချက်များအား အကောင်အထည်ဖော်ဆောင်ရာတွင် အောင်မြင်အောင်ဆောင်ရွက်နိုင်မှုများနှင့် ဆက်လက်ဆောင်ရွက်ဆဲလုပ်ငန်းများ ရှိနေသကဲ့သို့ ယခုနှစ်ညီလာခံ၏ ဆွေးနွေးမှုရလဒ်များကိုလည်း ပြန်လည်သုံးသပ်ပြီး အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် ပညာရေးရလဒ်များနှင့် ကောင်းမွန်သည့် ပညာရေးအခြေအနေများရရှိစေရန် ဦးတည်၍ ဝိုင်းဝန်းဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ယခင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ဝန်ကြီးဌာနများအလိုက် သုံးသပ်ချက်များကိုလည်း အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် ရရှိပြီး အောင်မြင်မှုများကိုလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရန် ကဏ္ဍအလိုက် ရေတိုရေရှည်အစီအမံများနှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ ပညာရေးညီလာခံက နိုင်ငံ၏အနာဂတ်လူငယ်များအတွက် ကောင်းမွန်သည့်အဖြေများ၊ ကောင်းမွန်သည့် အချက်အလက်များနှင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာရန် အထောက်အကူပြုမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း တိုးတက်လာရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းတက်ရေးနှင့် KG+9 ပြီးမြောက်ရေးဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ လက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Naypyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ အုပ်ချုပ်မှုစရိတ်နှင့် ထောက်ပံ့ငွေများချီးမြှင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်စေခြင်း၊ စာတတ်မြောက်သူများ တိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ်သောအလေ့အထတိုးပွားလာအောင် ဆောင်ရွက်ပေးနေခြင်းတို့သည် ထင်ရှားသည့်သာဓကများဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ အားထုတ်မှုသာမက ပြည်သူအားလုံးက ပညာ၏တန်ဖိုးကိုသိရှိပြီး အားထုတ်ခြင်းကသာ နိုင်ငံ၏ပညာရေးရည်မှန်းချက်ကို အောင်မြင်စေမည်ဖြစ်ကြောင်း။

## ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် လူငယ်များ၏ ပညာရေးသည် ကောင်းမွန်အောင်မြင်သည့် ပညာရေးဖြစ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အောင်မြင်ကောင်းမွန်စေရန်အတွက် ယခုကဲ့သို့ ပညာရေးညီလာခံကြီးကို ကျင်းပဆောင်ရွက်ပေးနေခြင်းဖြစ်၍ တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အဆင့်ကျင်းပမည့် ညီလာခံကြီးဖြစ်သည်နှင့်အညီ အောင်မြင်အောင် ဝိုင်းဝန်းဆွေးနွေး အကြံပြုဆွေးနွေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က "နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ပညာရေး၊ ကျန်းမာရေး စသည့်လူမှုရေးကဏ္ဍနယ်ပယ်အသီးသီးတွင် မူလအခြေအနေကထက်ပင် ပိုမို၍ အဆင့်အတန်းမြင့်မားတိုးတက်လာစေရေး ဆောင်ရွက်ရမည်" ဟု လမ်းညွှန်မှာကြားထားသည့်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အရင်းအမြစ်များ ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ပေးနေသကဲ့သို့သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း မိမိတို့တာဝန်ယူရသည့်ကဏ္ဍများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန်လိုကြောင်း။

ပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယခု ဦးစီးကော်မတီအစည်းအဝေးမတိုင်မီ ပညာရေးဝန်ကြီးဌာနက အကြိုညှိနှိုင်းအစည်းအဝေးလေးကြိမ် ခေါ်ယူဆွေးနွေးခဲ့ကြောင်း၊ အဆိုပါအစည်းအဝေးများတွင် ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာနများက စာတမ်းခေါင်းစီးများ ရွေးချယ်ခြင်း၊ ဝန်ကြီးဌာနများအလိုက် စာတမ်းဖတ်ကြားရေး၊ ပြခန်းပြသရေးစသည့် တာဝန်များ ခွဲဝေဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရှိရကြောင်း၊ ပညာရေးညီလာခံ (၂၀၂၄)အတွက် Theme Song ရေးစပ်ရာတွင်လည်း ညီလာခံ၏ ဦးတည်ချက်ကို အနှစ်သာရပေါ်လွင်အောင်စပ်ဆိုရန် တိုက်တွန်းလိုကြောင်း၊ ပညာရေးညီလာခံ(၂၀၂၄)က ထွက်ပေါ်လာမည့် ရလဒ်များသည် မြန်မာနိုင်ငံပညာရေး တိုးတက်ကောင်းမွန်စေရေးအတွက် အထောက်အကူဖြစ်စေနိုင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံးက ကျရာကဏ္ဍ၊ ကျရာတာဝန်ကို ကျေပွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီအတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူး(၁) ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းတို့က မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)၏ ရည်ရွယ်ချက်၊ ကော်မတီများဖွဲ့စည်းထားရှိမှု၊ ကော်မတီများဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ပညာရေးညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီ၊ စာတမ်းလက်ခံခြင်းနှင့် စိစစ်အတည်ပြုရေးဆပ်ကော်မတီ၊ ပြခန်းများခင်းကျင်းပြသရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ မှတ်တမ်းပြုစုရေးနှင့် ပုံနှိပ်ထုတ်ဝေရေး ဆပ်ကော်မတီ၊ ဖျော်ဖြေရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့်ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Major General Charanjeet Singh Dewgun, YSM, ADG MI(A) အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၁၂

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Major General Charanjeet Singh Dewgun, YSM, ADG MI(A) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေး၊ စစ်ဘက်ဆိုင်ရာများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ သင်တန်းသားများ အပြန်အလှန် စေလွှတ်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယတပ်မတော်မှအရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဇွန် ၁၂

၂၀၂၄ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့ပတ်လမ်းဘေးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်းမြေနေရာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ အရာရှိကြီးများနှင့်ဇနီးများ၊တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

## နှစ်စဉ်ကျင်းပခြင်းဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က သစ်တောများနှင့် သစ်ပင်များကို အမြတ်တနိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထပ်မံစိုက်ပျိုးခြင်းများသည် တိုင်းပြည်တစ်ပြည်အတွက် ကောင်းကျိုးများစွာကို ဖန်တီးပေးခြင်းဖြစ်သည့်အတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ပုဒ်မှာ **"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"**ဟူ၍ ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးစိမ်းလန်းစိုပြည်စေရန် လူသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင် အချိန်၊ ငွေ၊ လုပ်အား၊ အရင်းအနှီးများစွာ စိုက်ထုတ်ဆောင်ရွက်ရသည့်အတွက် တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်စေရန်အတွက် စတင်စိုက်ပျိုးသည်မှစ၍ စဉ်ဆက်မပြတ် ပြုစုထိန်းသိမ်းသွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အထိမ်းအမှတ်သစ်ပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နိုလင်းအောင်၏ ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများက သတ်မှတ်နေရာများ၌ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

## စုပေါင်းစိုက်ပျိုးခဲ့


ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်၊ စိန်ပန်း၊ ငု၊ သပြေ စသည့် သစ်ပင်စုစုပေါင်း ပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရုံး၊ ဌာနများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးလျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ယနေ့တွင် သစ်ပင် ၃၂၆၃၉ ပင်တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မေလအတွင်း လယ်ယာထွက်ကုန် ပဲမျိုးစုံ ပြည်ပတင်ပို့မှု လျာထားချက်ထက် ကျော်လွန်ခဲ့

မေလအတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်ပဲမျိုးစုံတင်ပို့မှု လျာထားချက်ထက်ကျော်လွန်ပြီး ဧပြီလနှင့်မေလတွင် ပဲမျိုးစုံတန်ချိန် ၄ ဒသမ ၆၆ သိန်းကျော် တင်ပို့နိုင်ခဲ့သည်။



မြန်မာနိုင်ငံ၏ အဓိက ပြည်ပပို့ကုန် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းများသည် နိုင်ငံတော်၏ ပြည်ပဝင်ငွေအများဆုံးရရှိသော အားထားရသည့် ပို့ကုန်အမယ်များဖြစ်ရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၈၉သန်း ပြည်ပသို့ တင်ပို့ရန် လျာထားခဲ့ပြီး ယခုဘဏ္ဍာရေးနှစ် ပထမသုံးလပတ်တွင် စုစုပေါင်းတန်ချိန် ၄ ဒသမ ၃၈ သိန်း တင်ပို့ရန် လျာထားခဲ့ခြင်း ဖြစ်သည်။

ပြည်ပတင်ပို့ရန် လျာထားချက်များအတိုင်း ပြည့်မီစွာ တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာရေးနှစ် ဧပြီလနှင့် မေလများတွင် ပဲမျိုးစုံတန်ချိန် ၄ ဒသမ ၆၆ သိန်းကျော် တင်ပို့ထားနိုင်ခဲ့သည့်အတွက် လျာထားချက်ထက် ကျော်လွန်တင်ပို့နိုင်ခဲ့ပြီး ဇွန်လတွင်လည်း လျာထားချက်ပြည့်မီအောင် တင်ပို့နိုင်ရေး ပဲမျိုးစုံတင်ပို့သည့် ပို့ကုန်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း (အရှေ့၊ အနောက်)မွန်ပြည်နယ်တို့တွင် မတ်ပဲထွက်ရှိပြီး စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင်လည်း အနည်းငယ်ထွက်ရှိပြီး ပဲစင်းငုံ(အနီ)ကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း ဒေသကြီးများတွင် စိုက်ပျိုးပြီး ပဲစင်းငုံ(အဖြူ)မှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်များတွင် အနည်းငယ်ထွက်ရှိကာ ပဲတီစိမ်းစိုက်ပျိုးထွက်ရှိရာ ဒေသများမှာ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတို့ ဖြစ်သည်။

ပြည်တွင်းမှ ထွက်ရှိသော ပဲများကို ၂၀ ရာခိုင်နှုန်းသာ ပြည်တွင်း၌ စားသုံးပြီး ၈၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့လျက်ရှိပြီး မတ်ပဲနှင့် ပဲတီစိမ်းကို အိန္ဒိယနိုင်ငံ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ တရုတ်၊ ဂျပန်နှင့် အီးယူနိုင်ငံများသို့ တင်ပို့သည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်းပဲလိုအပ်ချက်များရှိသောကြောင့် ပဲတင်သွင်းမှုကို ဖြေလျှော့ပေးခဲ့ရာ ပဲစင်းငုံ၊ မတ်ပဲနှင့်ပဲနီလေးများကို အကောက်ခွန်ကင်းလွတ်တင်သွင်းခွင့်ကို ယခင်က ၂၀၂၄ ခုနှစ် မတ်လအထိ ခွင့်ပြုထားခဲ့ပြီး ယခုအခါ ၂၀၂၅ ခုနှစ် မတ်လအထိ သက်တမ်းတိုးမြှင့်ပေးခဲ့သည့်အတွက် မြန်မာနိုင်ငံမှ ပဲတင်ပို့သူလုပ်ငန်းရှင်များ ဈေးကောင်း ရရှိနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

ရွှေမန်း

# သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုဗဟိုကော်မတီနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီအစည်းအဝေး ကျင်းပ



နေပြည်တော် ဇွန် ၁၂

သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုဗဟိုကော်မတီနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီများ အစည်းအဝေး (၁/၂၀၂၄)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်သော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က Online ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင်ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF) က မြန်မာနိုင်ငံအား တိုးတက်ဆောင်ရွက်မှုကို စောင့်ကြည့်မည့် နိုင်ငံနှင့် ဒေသများစာရင်းတွင် ထည့်သွင်းခဲ့ပြီး အကြံပြုချက် (၈) ချက်နှင့် ဆောင်ရွက်မည့် အစီအမံ ၁၅ ချက် ထုတ်ပြန်ခဲ့ရာ လက်ငင်းရလဒ် (Immediate Outcome 8.2) ၌ နိုင်ငံ့ဘဏ္ဍာသိမ်းပြီးချိန်အထိ သိမ်းဆည်းထားသော ပစ္စည်းများ၏ တန်ဖိုးကို ထိန်းသိမ်းနိုင်ရေးအတွက် သက်သေခံပစ္စည်းများ စီမံခန့်ခွဲမှုစနစ်တစ်ရပ် ထူထောင်ထားရှိရန်နှင့် လိုအပ်သော အရင်းအမြစ်များ ချထားပေးရန်ပါရှိကြောင်း၊ လက်ငင်းရလဒ် 8.2 နှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှု ဗဟိုကော်မတီ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့် ကော်မတီများကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၀ ရက်တွင် စတင်ဖွဲ့စည်းကာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ကော်မတီအဆင့်ဆင့်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂၄၁/၂၀၂၃) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီများအနေဖြင့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို တရားစွဲ မတင်မီ၊ တရားစွဲတင်ပြီး တရားရုံး စစ်ဆေးဆဲကာလနှင့် တရားရုံးက နိုင်ငံ့ဘဏ္ဍာသိမ်းပြီး စီမံခန့်ခွဲမှုမပြုမီ ထိန်းသိမ်းထားသည့် ကာလများအတွင်း ပျက်စီး၊ ပျောက်ဆုံးခြင်း၊ တန်ဖိုးလျော့ကျခြင်း မရှိစေရေးအတွက် သက်သေခံပစ္စည်းထိန်းသိမ်းရေး ဆိုင်ရာ ညွှန်ကြားချက် (၄/၂၀၂၀) နှင့်အညီ စနစ်တကျစီမံထိန်းသိမ်းရန်လိုအပ်ကြောင်း၊ တရားရုံးက နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းရန် အမိန့်ချမှတ်ပြီးပါကလည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၇) နှင့်အညီ စီမံခန့်ခွဲနိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ကော်မတီအဆင့်ဆင့်အနေဖြင့် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းမှု အခြေအနေများကို ဗဟိုကော်မတီသို့လည်း ပေးပို့တင်ပြရန် မှာကြားသည်။

ထို့နောက် တက်ရောက်လာသော ဗဟိုကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီဥက္ကဋ္ဌများက သက်သေခံပစ္စည်း စီမံထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**အလေးထားဆောင်ရွက်**

ယင်းနောက် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်က ပြစ်မှုတစ်ရပ်ရပ်ဖြင့် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို တရားရုံးက နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းပါက နိုင်ငံတော်၌ ထိခိုက်နစ်နာမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့်သူအား ပြန်ပေးသည့် အခါတွင်လည်း နစ်နာမှုမရှိစေရန်အတွက် ထိန်းသိမ်းထားသည့် ကာလအတွင်း တန်ဖိုးလျော့ကျပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း သီရိလင်္ကာသံအမတ်ကြီး Mrs. Ponnamperuma Arachige Prabashini Ponnamperuma အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၂


ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် သီရိလင်္ကာ သံအမတ်ကြီး Mrs. Ponnamperuma Arachige Prabashini Ponnamperuma အား ယနေ့ ညနေပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံအကြား ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းရင်းဆေးပညာရှင်များ အပြန်အလှန် အတွေ့အကြုံဖလှယ်ရေးနှင့် လေ့ကျင့်သင်ကြားပေးရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် (ကုသရေးဦးစီးဌာန)၊ ညွှန်ကြားရေးမှူးချုပ် (အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန) နှင့် ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်





## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Imran Haider ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် စီးပွားရေးနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက်(အမျိုးသား)ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇွန် ၁၂**

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် (အမျိုးသား)ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း Multipurpose Stadium တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ခရိုင် ၁၁ ခုမှ ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။




ဗိုလ်လုပွဲစဉ်၌ မဟာအောင်မြေခရိုင်အသင်းက အောင်မြေသာစံခရိုင် အသင်းကို ၂ ဂိုး၊ ၁ ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆုရရှိသော မဟာအောင်မြေခရိုင်အသင်းကို ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ပထမဆု ရရှိသော မဟာအောင်မြေခရိုင် အသင်းအား တစ်ဦးချင်း ဆုဆွဲပြားများကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက အကောင်းဆုံး အားကစားသမားဆု၊ ဂိုးသမား အကောင်းဆုံး အားကစားသမား ဆုများနှင့် ငွေသားဆုများကို လည်းကောင်း၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အသင်းများအား တစ်ဦးချင်းဆုဆွဲပြားများနှင့် အသင်းအလိုက် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီးနောက် ဆုရအသင်းများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀













ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အမှတ်(၁)ရေတွန်းစက်ရုံ(မလွန်)မှ သောက်သုံးရေဖြန့်ဝေပေးနေမှုနှင့် ရေအရည်အသွေး ရေဓာတ်ခွဲစမ်းသပ်ခန်းအား ကွင်းဆင်းကြည့်ရှု

**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မြို့နေလူထုအား ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများ ဖြန့်ဝေပေးနေသည့် အမှတ်(၁) ရေတွန်းစက်ရုံ(မလွန်)သို့ ရောက်ရှိပြီး ရေအရည်အသွေးရေဓာတ်ခွဲစမ်းသပ်ခန်းနှင့် ရေဖြန့်ဝေပေးနေမှုတို့အား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁)ရေတွန်းစက်ရုံ(မလွန်)ရှိ ရေအရည်အသွေးရေဓာတ်ခွဲခန်းသို့ ရောက်ရှိပြီး မြို့နေလူထုအတွက် မြေအောက်ရေနမူနာ ရယူ၍ ရေအရည်အသွေးစမ်းသပ်စစ်ဆေးနေမှု၊ ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာအုပ်စု၊ ဘော်ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန် ဧက ၂၀၀ အနီး မြေအောက်ရေနမူနာအား ရေအရည်အသွေး ရေဓာတ်ခွဲစမ်းသပ်နေမှု၊ ရေတွန်းစက်ရုံတွင် မြေအောက်ရေအရင်းအမြစ်မှ ရေကိုရယူ၍ သိုလှောင်နိုင်မှု၊ ရေအရည်အသွေး ရေဓာတ်ခွဲစမ်းသပ်မှု၊ ကလိုရင်းဆေးခတ်၍ မြို့နေလူထုအား ကျန်းမာရေးနှင့် ညီညွတ်သောသောက်သုံးရေ တစ်နေ့လျှင် ရေဂါလန် ၁၁ သန်းမှ ၁၃ သန်းအထိ ဖြန့်ဝေပေးနေမှုလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**










# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာ နွေစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာတွင် ကျင်းပသည့် နွေစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တောင်သူများအား ရင်းနှီးစွာ တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်က စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ရည်မှန်းချက်ပန်းတိုင်ပြည့်မီရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်အပေါ်အခြေခံသော MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီးအတွင်း မိုးစပါး၊ နွေစပါး သီးနှံစိုက်ပျိုးထွက်ရှိမှု ပန်းတိုင်ထွက်နှုန်းပြည့်မီရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းကဏ္ဍများတွင် အားနည်းချက်များမရှိစေရေးနှင့် တောင်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက တိုင်းဒေသကြီးအတွင်း နွေသီးနှံများစိုက်ပျိုးပြီးစီးမှု၊ ၂၀၂၃-၂၀၂၄ ခုနှစ်၊ မိုးစပါး/ နွေစပါးစိုက်ပျိုးဆောင်ရွက်မှုတွင် လက်ဆွဲကောက်စိုက်စက် ဖြန့်ဖြူးပြီးစီးမှုအခြေအနေ၊ ၂၀၂၄-၂၀၂၅ ခုနှစ် တိုင်းဒေသကြီး၏ အဓိက သီးနှံ ၁၀ မျိုး စိုက်ပျိုးထားရှိမှု၊ နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံ တိုးမြှင့်ထုတ်လုပ်ရေးအတွက် အထူးဇုန်များဖြင့် ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ



တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် တောင်သူများ၏ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး နွေစပါးစံကွက်အတွင်း ရိတ်သိမ်းခြွေလှေ့ယာဉ်ဖြင့် နွေစပါးရိတ်သိမ်းနေမှုများနှင့် စပါးထွက်ရှိမှုအား ချိန်တွယ်တိုင်းတာနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## သားဖြစ်သူ ဟန်းတား၏အမှု စီရင်ဆုံးဖြတ်ချက်ကို မိမိလေးစားလိုက်နာသွားမည်ဟု ဂျိုးဘိုင်ဒင် ပြောကြား



**ဝါရှင်တန် ဇွန် ၁၂**

သားဖြစ်သူ ဟန်းတား၏ အမှုစီရင်ဆုံးဖြတ်ချက်ကို မိမိလေးစားလိုက်နာသွားမည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ဇွန် ၁၁ ရက်က ပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၅၄ နှစ်အရွယ် ဟန်းတားဘိုင်ဒင်အနေဖြင့် ၂၀၁၈ ခုနှစ်က သေနတ်ဝယ်ယူစဉ် မူးယစ်ဆေးဝါးသုံးခဲ့ခြင်းမရှိဟု ရုံးတော်ရှေ့မှောက်တွင် လိမ်လည်ထွက်ဆိုခဲ့သည်။

ယင်းထွက်ဆိုချက်နှင့်ပတ်သက်၍ အဖွဲ့ဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းထားသော တရားသူကြီးအဖွဲ့က စစ်ဆေးခဲ့ရာ နောက်ဆုံးတွင် ထိုစဉ်က ဟန်းတားဘိုင်ဒင် ကိုကင်းမူးယစ်ဆေးသုံးထားကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

သားဖြစ်သူ၏ အမှုကြားနာစစ်ဆေးသော တရားခွင်သို့ သမ္မတ ဂျိုးဘိုင်ဒင် တက်ရောက်ခဲ့ခြင်းမရှိသော်လည်း သမ္မတကတော် ဂျီလ်ဘိုင်ဒင် တက်ရောက်ခဲ့ကြောင်း သိရသည်။

**Mon**

## တရုတ်ဝန်ကြီးချုပ် လီချိုင်း ဩစတြေးလျနိုင်ငံသို့ သွားရောက်မည်




**ပေကျင်း ဇွန် ၁၂**

တရုတ်ဝန်ကြီးချုပ် လီချိုင်း ဩစတြေးလျနိုင်ငံသို့ ယခုအပတ်အတွင်း ချစ်ကြည်ရေးအလည်အပတ်သွားရောက်မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၁၇ ခုနှစ်နောက်ပိုင်း ဩစတြေးလျနိုင်ငံသို့ ပထမဆုံးအကြိမ် အလည်အပတ်ရောက်ရှိမည့် တရုတ်ဝန်ကြီးချုပ် လီချိုင်းနှင့် ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ်တို့ နှစ်ဦးတွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန် ဆွေးနွေးကြမည်ဟု ဆိုသည်။

လေးရက်ကြာ အလည်အပတ်ခရီးစဉ်အတွင်း ဝန်ကြီးချုပ် လီချိုင်းသည် ကင်ဘာရာနှင့် အခြားမြို့များသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားကြောင်း သိရသည်။ **Mon**



ညှိသည်တော် စင်ကာပူဝန်ကြီးချုပ် လောရန့်စ်ဝေါင်းကို ဘရူနိုင်း စူလ်တန် ဟတ်ဆန်နာဘိုလ်ကီယာက ဇွန် ၁၁ ရက်တွင် နေ့လယ်စာဖြင့် တည်ခင်းညှိခံရာ နှစ်ဦးစကားလက်ဆုံကျ ပြုံးရွှင်နေကြစဉ်။ **Mon**

## ဟူပေပြည်နယ်တစ်ဝန်း အပူချိန်မြင့်တက်လာ ၄၂ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရောက်ရှိခဲ့

**ပေကျင်း ဇွန် ၁၂**

တရုတ်နိုင်ငံ မြောက်ပိုင်း ဟူပေပြည်နယ်တစ်ဝန်း မကြာသေးမီက အပူချိန်မြင့်တက်လာရာ ဒေသအချို့တွင် ၄၂ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရောက်ရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဇွန်လဆန်းပိုင်းတွင် ၁၀ ရက်အထိ အပူချိန်မြင့်တက်နိုင်ကြောင်း ဟူပေနှင့် ရှန်တောင်းပြည်နယ်နှစ်ခုရှိ ဒေသခံ မိုးလေဝသစခန်းပေါင်း ၂၀ ကျော်က ကြိုတင်သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ထိုပြည်နယ်နှစ်ခုတွင်သာမက ရှန်းရှီပြည်နယ်တွင်လည်း ဇွန် ၂၀ ရက်အထိ အပူချိန်မြင့်တက်နိုင်ကြောင်း သိရသည်။

**Mon**



## အနောက်ဘက်ကမ်းခြေဒေသ စစ်ဆင်ရေးတွင် ပါလက်စတိုင်း ခြောက်ဦးထက်မနည်း သေဆုံးခဲ့ရ

**ဂျေရုဆလင် ဇွန် ၁၂**



အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းခြေဒေသ ဂျေနင်မြို့အနီးရှိ ကဖာဒန်ကျေးရွာထဲသို့ အစ္စရေးအထူးတပ်ဖွဲ့များ ဇွန် ၁၁ ရက်က လျှပ်တစ်ပြက် ဝင်ရောက်စီးနင်းတိုက်ခိုက်သော စစ်ဆင်ရေးဆင်နွှဲခဲ့ကြောင်း အယ်လ်ဂျာဇီးရာ သတင်းဌာနက ဖော်ပြသည်။

ထောက်လှမ်းရေးသတင်းအရ ဝင်ရောက်လာသော ထိုအစ္စရေးအထူးတပ်ဖွဲ့ဝင်များသည် အိမ်တစ်အိမ်ကို ဦးတည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ယင်းလျှပ်တစ်ပြက်စစ်ဆင်ရေးတွင် အသက် ၂၁ နှစ်နှင့် ၃၂ နှစ်ကြား ပါလက်စတိုင်းအမျိုးသား ၆ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုသည်။

မိမိတို့အနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ထိုစစ်ဆင်ရေးပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လက်နက်ကိုင်ပါလက်စတိုင်း လေးဦးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း အစ္စရေးဘက်က သတင်းထုတ်ပြန်သည်။

ဂါဇာကမ်းမြောင်ဒေသတွင် ဟားမတ်စ်တို့ကို အမြစ်ပြတ်ချေမှုန်းနေသော အစ္စရေးတပ်ဖွဲ့များအနေဖြင့် အနောက်ဘက်ကမ်းခြေ၌ လက်နက်ကိုင်အကြမ်းဖက်ရန် ကြံစည်အားထုတ်နေသူများကိုလည်း အလွတ်မပေးဘဲ ရှင်းလင်းဖယ်ရှားနိုင်ရန် ဆက်လက်စောင့်ကြည့်ထောက်လှမ်းလျက်ရှိကြောင်း သိရသည်။

**Mon**

0-0-0-0-0

## အာရှတိုက်တစ်ဝန်း လေထုညစ်ညမ်းမှုကြောင့် အရွယ်မတိုင်မီ သေဆုံးပမာဏများပြားခဲ့

**စင်ကာပူ ဇွန် ၁၂**

အာရှတိုက်တစ်ဝန်း လေထုညစ်ညမ်းမှုကြောင့် အရွယ်မတိုင်မီ သေဆုံးသူပမာဏ များပြားခဲ့ခြင်းဖြစ်နိုင်သည်ဟု စင်ကာပူသုတေသီများ သုံးသပ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀ အတွင်း တစ်ကမ္ဘာလုံး၌ လေထုညစ်ညမ်းမှုကြောင့် လူပေါင်း ၁၃၅ သန်း အရွယ်မတိုင်မီ သေဆုံးခဲ့ကြောင်း စင်ကာပူနိုင်ငံ နန်ယန်းနည်းပညာတက္ကသိုလ်မှ သုတေသီများ ဦးစွာလေ့လာတွေ့ရှိခဲ့ကြသည်။

၁၉၈၀ ပြည့်နှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ကောက်ခံရရှိသော ကိန်းဂဏန်းများအရ ၎င်းတို့အနက်မှ လူပေါင်း ၉၈ ဒသမ ၁ သန်းသည် အာရှတိုက်မှဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

ယင်းကာလအပိုင်းအခြားတွင် အာရှတိုက်၌ လေထုညစ်ညမ်းမှု ပီအမ်အညွှန်းကိန်း ၂ ဒသမ ၅ ရှိခဲ့ကြောင်း ၎င်းတို့ ဖော်ထုတ်တွေ့ရှိခဲ့သည်။

အဆိုပါတွေ့ရှိချက်အရ လေထုညစ်ညမ်းမှုသည် တစ်နိုင်ငံတည်းတွင်သာ အကျိုးသက်ရောက်နေခြင်းမဟုတ်ဘဲ တစ်ကမ္ဘာလုံးကို သက်ရောက်နေသည်ဟု သိသာထင်ရှားစေခဲ့ကြောင်း သိရသည်။ **Mon**

STOP AIDS

## ရုရှားနှင့် ဘယ်လာရုစ် နှစ်နိုင်ငံပူးတွဲကာ နျူကလီးယားလက်နက်လေ့ကျင့်မှု ပြုလုပ်

**မော်စကို ဇွန် ၁၂**

ရုရှားနှင့် ဘယ်လာရုစ် နှစ်နိုင်ငံပူးတွဲကာ နျူကလီးယားလက်နက် လေ့ကျင့်မှုပြုလုပ်လျက်ရှိရာ ယခု ဒုတိယအဆင့်သို့ရောက်ရှိခဲ့ပြီဖြစ်ကြောင်း အယ်လ်ဂျာဇီးရာ သတင်းဌာနက ဖော်ပြသည်။

မေလက ထိုနှစ်နိုင်ငံ၏ ပူးတွဲနျူကလီးယား လက်နက်လေ့ကျင့်မှုပထမပိုင်း ပြီးစီးသွားခဲ့ရာ ထိုအပိုင်းတွင် နျူကလီးယားစစ်ဆင်ရေးအတွက် ကြိုတင်ပြင်ဆင်ပုံ၊ နျူကလီးယားလက်နက်များ ကိုင်တွယ်အသုံးပြုပုံနှင့် ထိုလက်နက်များတပ်ဆင်ပုံများကို လက်တွေ့လေ့ကျင့်ခဲ့သည်။

ဒုတိယအဆင့်တွင်မူ နျူကလီးယားလက်နက်များဖြင့် စစ်ပွဲဆင်နွှဲရန် အသင့်ပြင်ပုံပြင်နည်းများကို ဆက်လက်လေ့ကျင့်သွားမည်ဖြစ်ကြောင်း ရုရှားပြောခွင့်ရသူ ဒမီထရီပက်စကော့ဗ်က ထုတ်ဖော်ပြောကြားသည်။

နျူကလီးယားလက်နက်များတွင် လေဗုံးများ၊ တာနီးပစ်ဒုံးလက်နက်တွင်တပ်ဆင်မည့် နျူကလီးယားထိပ်ဖူးများ ပါဝင်မည်ဟု ဆိုသည်။

ရုရှားစစ်တပ်က နျူကလီးယားလက်နက်အချို့ကို ဘယ်လာရုစ်နိုင်ငံပိုင်နက်အတွင်းသို့ တိတ်တဆိတ်ရွှေ့ပြောင်းခဲ့ကြောင်း သိရသည်။ **Mon**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သူများကို စစ်ဆေးအရေးယူဆောင်ရွက်

**လားရှိုး ဇွန် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်ကျူးလွန်သူများကို စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။

လားရှိုးမြို့တွင် ယာဉ် မရပ်နားရနေရာများတွင် ယာဉ်ရပ်နားသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များကို ယာဉ်ရပ်နားနေရာတွင် ယာဉ်ပိုင်ရှင်မတွေ့ပါက ကရိန်းဖြင့် သယ်ဆောင်၍ ဒဏ်ကြေး ပေးဆောင်စေခြင်းအပြင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း၊ ယာဉ်နံပါတ်ပြား တပ်ဆင်မှုမရှိခြင်းများကိုလည်း စစ်ဆေးအရေးယူလျက်ရှိသည်။



လားရှိုးမြို့တွင် ယာဉ်စည်းကမ်းဖောက်ဖျက်မှု အများဆုံးတွေ့မြင်ရသည့်နေရာမှာ လမ်းမတော်လမ်းပေါ်တွင် အတွေ့ရများပြီး ယာဉ်မရပ်ရနေရာတွင် ယာဉ်လာရောက်ရပ်နားသည့် ယာဉ် အများအပြား တွေ့မြင်ရကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## သစ်ပင်လဲကျ၍ လမ်းပိတ်ဆို့နေမှုအား ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းစွာ သွားလာနိုင်ရန် ရှင်းလင်းဆောင်ရွက်

**ပွင့်ဖြူ ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းအနီး ပွင့်ဖြူ - မင်းဘူး -မကွေးသွား ကားလမ်းတွင် ယမန်နေ့က သစ်ပင်လဲကျပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားနေကြောင်း သိရ၍ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ပူးပေါင်းပြီး သွားရောက်ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကားလမ်းမပေါ် လဲကျသည့်သစ်ပင်အား ပြည်သူများ ယာဉ်အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့်အတူ သွားရောက်၍ စနစ်တကျ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ခဲ့ရာ ယခုအခါ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါ သစ်ပင်လဲကျမှုကြောင့် အခြားလူနှင့် တိရစ္ဆာန် ထိခိုက်မှု မရှိကြောင်း ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးမှူးထံက သိရသည်။

ပွင့်ဖြူမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် နှစ်စဉ် မိုးရာသီကာလတွင် ကြုံတွေ့ရလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များ အပါအဝင် လေဘေး၊ မီးဘေး၊ ငလျင်ဘေး အစရှိသည့် ဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးခြင်း၊ ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းနှင့် ယခုကဲ့သို့ ပြည်သူ့အကျိုးပြု သဘာဝဘေးအန္တရာယ်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ သွားရောက်၍ ဖြေရှင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၄၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၉ ရက် နံနက် ၅ နာရီတွင် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ လွယ်စီတုံ(အောက်)ကျေးရွာနေ အားမူ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အားမူ(၄၁နှစ်)အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ဓာတ်အားလိုင်းကြိုးနှင့် သစ်ပင်ထိပြီး မီးတောက်၍ ရှင်းလင်း

**မန္တလေး ဇွန် ၁၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊ ၁၀ လမ်းတွင် ဇွန် ၁၁ ရက် ညနေ ၄ နာရီက လေတိုက်ပြီး ရပ်ကွက်အတွင်း သွယ်တန်းထားသော ဓာတ်အားလိုင်းကြိုးနှင့် သစ်ပင်ထိပြီး မီးတောက်သဖြင့် ဥပုသ်တော် အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ ဓာတ်အားလိုင်းကြိုးနှင့် ထိနေသော သစ်ပင်၊ သစ်ကိုင်းများအား ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ





## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၉ ရက် ညနေ ၄ နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၄)၊ ရွှေစည်းခုံလမ်းရှိ လက်ဖက်ရည်ဆိုင်အား ဝင်ရောက်ရှာဖွေရာ ဇင်အောင်မြင့်(ခ)ဖက်တီး အားတွေ့ရှိပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၅ နာရီ ၁၀ မိနစ်တွင် ၎င်းနေထိုင်သည့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)ရှိ နေအိမ်အတွင်းမှ အိုက်စ်(မက်သ်အဖက်တမင်း)အလေးချိန် ၂ ဒသမ ၇၉ ကီလိုနှင့် ကက်တမင်း အလေးချိန် ၉၀၀ ဂရမ်တို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဇင်အောင်မြင့်(ခ)ဖက်တီး(၃၇နှစ်)အား ပြင်ဦးလွင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

**မူးယစ်ဘေးကို တိုက်ဖျက်ကြ။**

## နေအိမ်အတွင်းမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ပန်ဝါ ဇွန် ၁၂**

ကချင်ပြည်နယ်၊ ချီဖွေခရိုင် ပန်ဝါမြို့တွင် ဇွန် ၉ ရက်က မူးယစ်ဆေးဝါးသတင်းအရ နယ်မြေခံရဲတပ်ဖွဲ့ဝင်များက နေအိမ်အတွင်း ဝင်ရောက်စစ်ဆေးရှာဖွေရာမှ အမျိုးသားတစ်ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ပန်ဝါနယ်မြေ ရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၉ ရက် မွန်းလွဲ ၂ နာရီခွဲက ပန်ဝါမြို့နယ်မြေရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်ဝင်းမော်နိုင်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ပန်ဝါမြို့၊ ရပ်ကွက်(၃)နေ ယိန်းဇေ(ခ)ရှီးကျန်ယိန်းဇေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေစစ်ဆေးရာ ၎င်းအား နေအိမ်အိပ်ခန်းအတွင်း အိပ်လျက်တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ အိပ်ရာ၏ ယာဘက်ခြေရင်း ထုတ်တန်းပေါ်တွင် အထပ်သားနှင့် ကွယ်ဝှက်ထားသည့် အနက်ရောင်ကြွပ်ကြွပ်အိတ်တွင် Forever Store တံဆိပ်ပါ အဖြူရောင်ကြွပ်ကြွပ်အိတ်တို့ဖြင့် ထည့်ထားသည့် ရောင်စုံဆပ်ပြာခွက်များအတွင်း ဘိန်းဖြူမှုန့် အလေးချိန် ရှစ် ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ငါးခွက်မှ ဘိန်းဖြူအမှုန့် အလေးချိန် ၄၀ ဂရမ်နှင့် ရောင်စုံပလတ်စတစ်များဖြင့် ပတ်ထုတ်လျက် အလျား တစ်လက်မခွဲခန့်၊ လုံးပတ် နှစ်လက်မခန့်ရှိ ဘိန်းဖြူ(ရာဇော်) အလေးချိန် ခုနစ် ဂရမ်ခန့်ပါ ၁၅ တောင့်၊ စုစုပေါင်း အလေးချိန် ၁၀၅ ဂရမ်တို့မှ ဘိန်းဖြူ အလေးချိန် ၁၄၅ ဂရမ်အား ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်ကြောင့် မူးယစ်ဆေးဝါးနှင့်အတူ တွေ့ရှိသူ ယိန်းဇေ(ခ)ရှီးကျန်ယိန်းဇေ(၄၀)နှစ်အား ပန်ဝါနယ်မြေရဲတပ်ဖွဲ့စခန်းမှ ဥပဒေအရ အမှုဖွင့်လှစ်အရေးယူထားကြောင်း သိရသည်။

(၄၄၄)

သတင်း-စာမျက်နှာ ၇





သတင်း-စာမျက်နှာ ၆







# မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီနှင့် လုပ်ငန်းကော်မတီ(၈)ရပ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး အတွင်း ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေးအတွက် တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီ(၈)ရပ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ ၆၃ လမ်းထောင့်ရှိ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာကော်မတီနှင့် လုပ်ငန်းကော်မတီ(၈)ရပ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး လုပ်ငန်းကော်မတီ(၈)ရပ်၏ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီနှင့် လုပ်ငန်းကော်မတီ (၈)ခု၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခဲ့သည်။



ဆက်လက်ပြီး တိုင်းဒေသကြီးကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းကော်မတီများဖြစ်သည့် စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ၊ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းကော်မတီ၊ ဥပဒေရေးရာ လုပ်ငန်းကော်မတီ၊ အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကောမတီ၊ စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်း ကော်မတီနှင့် ရန်ပုံငွေ ရှာဖွေရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းကော်မတီတို့မှ ကော်မတီအတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းကော်မတီများမှ ကော်မတီအဖွဲ့ဝင်များက ဆွေးနွေးကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးက ဆွေးနွေးချက်များအပေါ် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် လမ်း၃၀၊ ၆၃လမ်းထောင့်ရှိ တိုင်းဒေသကြီးလူမှုဝန်ထမ်း ဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် တိုင်းဒေသကြီးအမျိုးသမီးကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ အတွင်းရေးမှူး တိုင်းဒေကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လှိုင်ထွန်းက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြရာ တက်ရောက်လာသည့် တိုင်းဒေသကြီးအမျိုးသမီးကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးအမျိုးသမီး ကော်မတီ အတွင်းရေးမှူးတို့က ဆွေးနွေးမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး လူမှုရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**




## 2024 Veneto Open တင်းနစ်ပြိုင်ပွဲ ဇွန် ၁၆ ရက်တွင် စတင်မည်




**တူရင် ဇွန် ၁၂**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သာ အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Veneto Open တင်းနစ်ပြိုင်ပွဲ လာမည့် ဇွန် ၁၆ရက်တွင် စတင်သွားမည်ဖြစ်သည်။ **(ဝဲပုံ)**

အဆိုပါ 2024 Veneto Open တင်းနစ်ပြိုင်ပွဲကို ဇွန် ၁၆ ရက်မှ ၂၃ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Veneto Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Veneto Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အမေရိကန်တင်းနစ်မယ် Ashlyn Krueger ဖြစ်သည်။

**(NGB)**

## ဘာရယ်လာ အင်တာမီလန်အသင်းနှင့် ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မီလန် ဇွန် ၁၂**

အင်တာမီလန်အသင်းသည် အသင်း ကွင်းလယ်ကစားသမား ဘာရယ်လာအား ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းကြီးများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အင်တာမီလန်အသင်းက အလျှင်အမြန် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။




ကွင်းလယ်ကစားသမား ဘာရယ်လာသည် အင်တာမီလန်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၅ပွဲကစားပြီး ၂၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဘာရယ်လာက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ် "ဟု ပြောသည်။ **(ဝဲပုံ)**

**(NGB)**



## ကလိုဆေးအား နည်းပြသစ်အဖြစ် နူရင်ဘတ်အသင်း ခန့်အပ်

**မြူးနစ် ဇွန် ၁၂**

ဘွန်ဒက်လီဂါ-၂ ကလပ် နူရင်ဘတ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ကလိုဆေးအား ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဘိုင်ယန်မြူးနစ် ယူ-၁၇အသင်း၊ Rheindorf Altach အသင်းတို့အား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် နူရင်ဘတ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၆)နှစ်အရွယ်ရှိ ကလိုဆေးက "ကျွန်တော် အခုလို နူရင်ဘတ်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ နူရင်ဘတ်အသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ "ဟု ပြောသည်။ **(အပေါ်ပုံ)** **(NGB)**



## ချီလီအသင်းက ပါရာဂွေးအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၁၂**

နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ချီလီအသင်းနှင့် ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချီလီအသင်းက ပါရာဂွေးအသင်းအား သုံးဂိုး၊ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ချီလီအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၁၇ မိနစ်နှင့် ၃၇မိနစ်တွင် ဗစ်တာ၊ ပွဲချိန် ၅၃ မိနစ်တွင် ဗာဂတ်စ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ချီလီအသင်းသည် ၂၀၂၄ ကိုပါအမေရိကအုပ်စုအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၂ရက်တွင် ပီရူးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**


## စီရော်နယ်လ်ဒို ကစားသမားဘဝ နိုင်ငံတကာ သွင်းဂိုး ၁၃၀ ဂိုးပြည့်မြောက်

**လန်ဒန် ဇွန် ၁၂**

ပေါ်တူဂီလက်ရွေးစင်အသင်း ဝါရင့်တိုက်စစ်မှူး စီရော်နယ်လ်ဒို ကစားသမားဘဝ နိုင်ငံတကာ သွင်းဂိုး ၁၃၀ ဂိုး ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းက အိုင်ယာလန်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုး နှစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ပေါ်တူဂီလက်ရွေးစင်အသင်းနှင့်အတူ နိုင်ငံတကာ ပွဲပေါင်း ၂၀၇ပွဲထိ ကစားပြီး ဂိုး ၁၃၀ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။




အသက်(၃၉)နှစ်အရွယ်ရှိ စီရော်နယ်လ်ဒိုက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေ ဆက်လက်သွင်းယူနိုင်ဖို့ ကြိုးစားသွားမှာပါ။ ပေါ်တူဂီလက်ရွေးစင်အသင်းနှင့်အတူ ယူရို ၂၀၂၄ ပြိုင်ပွဲမှာလည်း အောင်မြင်မှုတွေ ရယူသွားလိုပါတယ် "ဟု ပြောသည်။

**(အပေါ်ပုံ)**

**(NGB)**

## နည်းပြ အဲရစ်တန်ဟက်ဂ် မန်ချက်စတာယူနိုက်တက်အသင်းတွင် ဆက်ရှိသွားမည်

**မန်ချက်စတာ ဇွန် ၁၂**

နည်းပြ အဲရစ်တန်ဟက်ဂ် အသင်းမှ ထုတ်ပယ်သွားမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း မန်ချက်စတာယူနိုက်တက်အသင်းက အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြ၏ စာချုပ်သက်တမ်းသည် ၂၀၂၅ နွေရာသီအထိ ကျန်ရှိနေသေးသလို၊ မန်ချက်စတာယူနိုက်တက်အသင်းအား အင်္ဂလိပ်အက်ဖ်အေ ဖလားရယူပေးနိုင်ခဲ့ခြင်းကြောင့် အသင်းတာဝန်ရှိသူများနှင့် ပရိသတ်များထောက်ခံမှုကိုလည်း ရရှိထားဆဲဖြစ်သည်။

နည်းပြ အဲရစ်တန်ဟက်ဂ်သည် မန်ချက်စတာယူနိုက်တက်အသင်းအား ၂၀၂၂ ခုနှစ် မေ ၂၃ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၁၄ ပွဲတွင် ၆၆ပွဲနိုင်၊ ၁၇ပွဲသရေ၊၃၁ ပွဲရှုံးရလဒ်ပိုင်ဆိုင်ထားသည်။ **(ယာပုံ)**

မန်ချက်စတာယူနိုက်တက်အသင်းထုတ်ပြန်ချက်တွင် "နည်းပြ အဲရစ်တန်ဟက်ဂ် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် နည်းပြကောင်းတစ်ယောက်ပါ "ဟု ထုတ်ပြန်သည်။ **(NGB)**




### ဘောလုံးသတင်းအတိုအထွာများ

* အာဆင်နယ်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း ဂိုးသမား လူနင်အား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့ သည်။

* နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ်အဖြစ် မြောက်အိုင်ယာလန်အသင်းနှင့် အန်ဒိုရာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြောက်အိုင်ယာ လန်အသင်းက အန်ဒိုရာအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ သည်။

* ဝက်စ်ဟမ်းအသင်းသည် ရိုးမားအသင်းတိုက်စစ်မှူး အေဘာရာဟမ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

**(NGB)**

## ကော့မိုင်ယာစ် ကြွက်သားဒဏ်ရာကြောင့် နယ်သာလန်လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်

**လန်ဒန် ဇွန် ၁၂**

နယ်သာလန်လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား ကော့မိုင်ယာစ် ကြွက်သားဒဏ်ရာကြောင့် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့သည်။ **(အောက်ယာပုံ)**

အဆိုပါ ကွင်းလယ်ကစားသမားသည် အိုက်စလန်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်မကစားမီ သွေးပူလေ့ကျင့်ခန်းဆင်းနေစဉ် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကော့မိုင်ယာစ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နယ်သာလန်လက်ရွေးစင်အသင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကော့မိုင်ယာစ်သည် နယ်သာလန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၀ မှ ၂၀၂၄ အထိ ပြိုင်ပွဲ ၂၁ပွဲကစားကာ ၂ ဂိုး သွင်းယူထားသည်။ **(NGB)**



### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၄-၆-၂၀၂၄ သောကြာနေ့ | နံနက် ၀၄း၃၀နာရီ | အာဂျင်တီးနား - ဂွာတီမာလာ |

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းနှင့်အတူ ဇွန် ၁၀ ရက်မှ ဇွန် ၁၂ ရက်အထိ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် သီလရှင် ပညာရေးကျောင်းများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ်ရှိ မုန်ပင်ဆည်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဝိနယ၊ ခေမာသီရိ သီလရှင်သင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါ်ဝဏ္ဏသီရိနှင့် ပထမကျော် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသီလာစာရတို့အား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်ရှိ ဧည့်ပဏ္ဍိတ္ထပါလ ကမ္ဘောဇဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဇဝန၊ အောင်မြေဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဝိလာသ၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာဝိဇယရံသီ(စလေ)ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဝိဇယ၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာဂန္ဓာရုံ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တမဟိန္ဒနှင့် အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တနာယကတို့အား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ အေးမြချမ်းသာ သီလရှင်သင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါ်ပါရမီ၊ ရွှေစင်မင်းသီလရှင်သင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါက်တာ ဒေါ်နန္ဒသိင်္ဂီနှင့် ခန္တီးဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တပညိန္ဒတို့အား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**



ဒုတိယဝန်ကြီးသည် အဆိုပါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ကျောင်းအုပ်ဆရာတော်ကြီးများနှင့် သီလရှင်သင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာကြီးတို့အား ဖူးမြော်စဉ် ကျောင်းစတင်ဖွင့်လှစ်သင်ကြားနေမှုအခြေအနေ၊ ဆရာ၊ ဆရာမများအား ထောက်ပံ့ကြေးပေးအပ်မှုအခြေအနေ၊ ပညာသင်ကြားရာ၌ ကျောင်းသားဦးရေနှင့် ဆရာဦးရေ မျှတမှု ရှိ၊ မရှိ၊ စာမေးပွဲဖြေဆိုရာတွင် အခက်အခဲ ရှိ၊ မရှိ၊ ကျောင်းသားစာရင်းကောက်ယူခြင်း၊ ကျောင်းပြောင်းလက်ခံခြင်းတို့တွင် စနစ်တကျရှိစေရေး၊ အခြေခံပညာဦးစီးဌာနက ဖွင့်လှစ်သော သင်ရိုးသစ်သင်တန်းများနှင့် ဘာသာရပ်မွမ်းမံသင်တန်းများ တက်ရောက်စေရေးနှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် ပညာရေးဝန်ကြီးဌာနကသာ အဓိကတာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သောကြောင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအနေဖြင့်လည်း ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသော မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းအပ်လက်ခံနိုင်ရေးတို့အား ဆွေးနွေးလျှောက်ထားခဲ့ကြောင်း သိရသည်။

(ဝဇ၃)

ဝ-ဝ-ဝ-ဝ-ဝ



## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်

**စဉ့်ကူး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့နယ်၌ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၁၁ရက် နံနက် ၆ နာရီမှ စတင်ကာ စဉ့်ကူး(အ·ထ·က) စာစစ်ဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။

စဉ့်ကူး(အ·ထ·က)စာစစ်ဌာန၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုသူ ၂၂၆ ဦးရှိရာ အောင်မြင်သူဦးရေ ၆၉ ဦးရှိပြီး အောင်ချက်ရာနှုန်း ၃၀ ဒသမ ၅၃ရာခိုင်နှုန်းရရှိကာ မြို့နယ်မှ (၃)ဘာသာဂုဏ်ထူး ရရှိသူတစ်ဦး၊ (၂)ဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ (၁)ဘာသာဂုဏ်ထူး ရရှိသူ ငါးဦး၊ ရိုးရိုးအောင်မြင်သူ ၆၂ ဦးရှိပြီး ဘာသာရပ်အလိုက် ဂုဏ်ထူးရရှိသူ အင်္ဂလိပ်စာ နှစ်ဦး၊ ဓာတုဗေဒ နှစ်ဦး၊ ရူပဗေဒ တစ်ဦး၊ ဇီဝဗေဒ ငါးဦး ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ငြိမ်းချမ်းဝင်း(ပြန်/ဆက်)**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ။

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်ကာ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်(ဘဘ-၁၉)၊ ၄၅လမ်းနှင့် ၁၁၄ လမ်းထောင့်တွင် ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။



အခြေခံစားသောက်ကုန် သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၁၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်၊ အကွက်(ဓဓ-၄၇)၊ ၅၄လမ်း၊ ၁၃၁လမ်းနှင့် ၁၃၂လမ်းကြားတွင် နေ့စဉ် နံနက် ၆နာရီခွဲမှစ၍ ရောင်းချပေးမည်ဖြစ်ပြီး ဇွန် ၁၄ ရက်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆ လမ်းနှင့်၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည် ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၆)**

## အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ



**မန္တလေး ဇွန် ၁၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊မဟာဝိဇယကျောင်းတိုက်၌ နှစ်စဉ်မပျက်ကျင်းပမြဲဖြစ်သော စတုတ္ထအကြိမ် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကြီးကို နယုန်လပြည့်ကျော် ၃ ရက်မှ ၇ ရက်အထိ ၅ ရက်တိုင်တိုင် အဆိုပါကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အဆိုပါမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကြီးတွင် ပဋ္ဌာနဘာဏကသံဃာတော်တစ်ပါးလျှင် ငွေကျပ် ၅၀၀၀၀၊ အချိုရည်တစ်နေ့တာအတွက် ငွေကျပ် ၅၀၀၀၀၊ဝေယျာဝစ္စတစ်နေ့ ကုန်ကျစရိတ်ငွေကျပ် ၅၀၀၀၀၊ ပဋ္ဌာနဘာဏကသံဃာတစ်ပါးစီ လှူဒါန်းရန် စီဝိုင်စီသင်္ကန်းဒွိစုံ တစ်စုံလျှင် ငွေကျပ် ၂၅၀၀၀နှုန်းနှင့် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်းသိရသည်။

အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲအတွက် ကိုညီဝင်း+မခိုင်ခိုင်ဝင်း၊ (သမီး)မေမီမီဝင်း (ကွမ်းပစ္စည်းရောင်းဝယ်ရေး) မိသားစုမှ အလှူငွေကျပ် သုံးသိန်း၊ ဦးဇော်ဦး+ဒေါ်ခင်မျိုးသန်းမိသားစုမှ အလှူငွေကျပ် သုံးသိန်း၊ ဦးမောင်အေး+ဒေါ်အေးအေးမြင့်၊(သမီး) မခင်သန္တာငြိမ်း၊ မသီရိနန္ဒာမိသားစုမှ အလှူငွေကျပ် သုံးသိန်း၊ တောင်ကုန်းကြီးရပ်ကွက်နေ ဘုရားအစ်မကြီး ဒေါ်စန်းစန်းမြင့် မိသားစုမှ အလှူငွေကျပ် သုံးသိန်း၊ရဲမွန်တောင်ရပ်ကွက်နေ ဦးထွန်းမြင့်ဦး+ဒေါ်ချွေးချွေးလွင် မိသားစုမှ အလှူငွေကျပ် တစ်သိန်းတို့ကို ယမန်နေ့နံနက်ပိုင်းက မဟာဝိဇယဆရာတော်ကြီးထံ လာရောက်လှူဒါန်းကြရာ လှူဒါန်းမှုအစုစုတို့အတွက် ဆရာတော်ကြီးမှ အနုမောဒနာတရားဟောကြား ချီးမြှင့်ပေးကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၅၁)

*- *- *- *- *



## မြန်မာ့သစ်လုပ်ငန်းမှ ငလိုက်စခန်းသာဆင်စခန်းဝင်းအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

နေပြည်တော်၊ဥတ္တရသီရိမြို့နယ် ငလိုက်စခန်းသာဆင်စခန်းတွင် မြန်မာ့သစ်လုပ်ငန်း၊ နေပြည်တော် သစ်ထုတ်ရေးဒေသမှ ပြုလုပ်သည့် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၁ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊မြန်မာ့သစ်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းအောင်က မြန်မာ့သစ်လုပ်ငန်းအနေဖြင့် သစ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းအပြင် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းကို ၂၀၁၈ ခုနှစ်တွင် စတင်တည်ထောင်စိုက်ပျိုးလာခဲ့သည်မှာ ယနေ့အထိ ၇၁၀ဧက၊ ၇၀၈၁၀၀ ပင်စိုက်ပျိုးဖြစ်ထွန်းခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်ကတည်းက သစ်ထုတ်လုပ်ပြီးသစ်ကွက်ဧရိယာများအတွင်း ကျွန်းသစ်မာမျိုးစုံ၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း (Enrichment Planting -EP) ကိုလည်း သစ်ထုတ်လုပ်သည့်နှစ်များအလိုက် ပြန်လည်စိုက်ပျိုးခဲ့သည်မှာ စုစုပေါင်း ၁၅၅၇၃၂၇ ပင်စိုက်ပျိုးခဲ့ကြောင်း ပြောကြားသည်။ ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးက တမလန်းပျိုးပင်အား စတင်စိုက်ပျိုးပေးကာ အထွေထွေမန်နေဂျာများနှင့် တက်ရောက်လာသူများက တမလန်း၊ မဟော်ဂနီ၊ ရေသင်းဝင်၊ မဲဇလီပင်များအား စိုက်ပျိုးကြသည်။ သစ်ပင်စိုက်ပျိုးနေမှုများအား ဦးဆောင်ညွှန်ကြားရေးမှူးမှ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရကာ ပျိုးပင်ရေ အပင် ၅၇၀ တို့အား လူအင်အား ၁၃၀ ဦးဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

## စားဖိုဆောင်စရိတ်သက်သာစေရန်အတွက် လူနေအိမ်ခြံဝင်းများ၌ ဟင်းသီးဟင်းရွက်သီးပင်စားပင်များ ပိုမိုစိုက်ပျိုးလာ

**ကျောက်ဆည် ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် တောင်သူများအနေဖြင့် ဆန်စပါးနှင့် ငရုတ်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံအမျိုးမျိုး၊ ငှက်ပျော၊ သရက်၊ သံပုရာ စသည့် သီးနှံများကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်းနှင့် လယ်ယာမြေပိုင်ဆိုင်မှုမရှိသည့် ပြည်သူများအနေဖြင့် နေ့စဉ်ချက်ပြုတ်စားသောက်နေသည့် စားဖိုဆောင် ကုန်ကျမှုစရိတ်သက်သာစေရန်အတွက် လူနေအိမ်ခြံဝင်းများ၏ မြေလွတ်နေရာများတွင် ကာလတို ဟင်းသီးဟင်းရွက်၊ သီးပင်၊ စားပင်များ ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။

ကာလတိုသီးပင်စားပင်များ စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ နေအိမ်ပိုင်းကျယ်တော့ မြေနေရာအလွတ်များနဲ့ ခြံစည်းရိုးများတွင် ဘူး၊ကြက်ဟင်းခါး၊ ခဝဲ၊ ကျောက်ဖရုံ၊ ဆလပ်၊ ရုံးပတီ၊ ခရမ်း၊ ဒန့်သလွန်၊ ကြောင်လျှာ၊ ကန်စွန်း စသည့် သီးနှံမျိုးစုံ စိုက်ပျိုးထားကြောင်း၊ ကိုယ်တိုင်စိုက်ပျိုးပြီး သဘာဝမြေသြဇာများ အသုံးပြုသည့်အတွက် ဓာတုဓာတ်ကြွင်းကင်းလွတ်ပြီး ချက်ပြုတ်စားသောက်ရာတွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး မီးဖိုဆောင်စရိတ်များစွာသက်သာသည့်အပြင် ပိုလျှံသည့် အသီးအနှံများကိုလည်း ပြန်လည်ရောင်းချရသဖြင့် အပိုဝင်ငွေများရရှိကြောင်း ဟင်းသီးဟင်းရွက်၊ သီးပင်စားပင်မျိုးစုံ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသည့် သင်ပျိုးကျေးရွာမှ ဒေါ်ရွှေမြင့်က ပြောသည်။

(အောက်ပုံ)

(၄၈၅)





## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးဆောင်ရွက်

**ရေနံချောင်း ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး၊ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချနိုင်ရန်နှင့် ဈေးရောင်းဈေးဝယ်ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇွန် ၁၁ ရက် နံနက် ၇ နာရီက စည်ပင်သာယာရေးအဖွဲ့ ပိုင် မြို့မဈေးကြီးတွင် ဆောင်ရွက်ခဲ့သည်။

လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဈေးကော်မတီဝင်များက မြို့မဈေးကြီးတွင် ဈေးရောင်းချသူများနှင့် ဈေးဝယ်သူပြည်သူများအနေဖြင့် စားသုံးကုန်ပစ္စည်းများ ရောင်းချဝယ်ယူရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်စေနိုင်သည့် ပလတ်စတစ်သုံးစွဲမှုကို လျှော့ချပြီး ပလတ်စတစ်အစား ဆွေးမြေ့လွယ်သည့် စက္ကူ၊ ငှက်ပျောဖက်၊ အင်ဖက်များကို အစားထိုးသုံးစွဲကြစေလိုကြောင်း အသိပညာပေးဟောပြောကာ မြို့နယ်စည်ပင်သာယာရေးကော်မတီက ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၇၂)

## တက္ကသိုလ်ဝင်စာမေးပွဲ ၆၈ ဒသမ ၈၂ ရာခိုင်နှုန်း ဖြေဆိုအောင်မြင်

**မန္တလေး ဇွန် ၁၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ ဇွန် ၁၁ ရက် နံနက်ပိုင်းက တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို မဟာအောင်မြေမြို့နယ်အနေဖြင့် ဝင်ရောက်ဖြေဆိုကျောင်းသား၊ ကျောင်းသူ ၆၈ ဒသမ ၈၂ ရာခိုင်နှုန်းအောင်မြင်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မန္တလေး၊ မဟာအောင်မြေမြို့နယ်တွင် စာစစ်ဌာန (၁)ခု၌ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ အတွင်းဖြေဆိုသူစာရင်းရှိ အမျိုးသား၊ အမျိုးသမီး ၂၅၀ ဦး၊ ဖြေဆိုသူ အမျိုးသား၊ အမျိုးသမီး ၂၄၆ ဦး၊ ဖြေဆိုအောင်မြင် ၁၇၂ ဦး၊ အပြင်ဖြေဆိုသူစာရင်းရှိ အမျိုးသား၊ အမျိုးသမီး ၁၈၉ ဦး၊ ဖြေဆိုသူ အမျိုးသား၊ အမျိုးသမီး ၁၇၁ ဦး၊ ဖြေဆိုအောင်မြင် ၁၁၅ ဦး၊ အတွင်း၊ အပြင် ဖြေဆိုအောင်မြင်သူ ၂၈၇ ဦးရှိပြီး ရာခိုင်နှုန်းအနေဖြင့် ၆၈ ဒသမ ၈၂ ရာခိုင်နှုန်းဖြေဆိုအောင်မြင်ကြောင်း ရိုးရိုးအောင် ၂၁၀ ဦး၊ (၁)ဘာသာဂုဏ်ထူး ၂၇ ဦး၊ (၂)ဘာသာဂုဏ်ထူး ၁၆ ဦး၊ (၃)ဘာသာဂုဏ်ထူး ၁၅ ဦး၊ (၄) ဘာသာဂုဏ်ထူး ၈ ဦး၊ (၅) ဘာသာဂုဏ်ထူး ၇ ဦး၊ (၆) ဘာသာဂုဏ်ထူး ၄ ဦး ထွက်ရှိကြောင်းနှင့် အဆိုပါစာစစ်ဌာနအသီးသီးရှိ အောင်စာရင်းအား ဇွန် ၁၁ ရက် နံနက် ၆ နာရီတွင် ထုတ်ပြန်ကြေညာခဲ့ရာ ကျောင်းသား၊ကျောင်းသူများ၊ကျောင်းသား၊ကျောင်းသူမိဘများနှင့် အုပ်ထိန်းသူများမှ ပျော်ရွှင်စိတ်လှုပ်ရှားစွာ လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

(ယာပုံ)

(၀၅၆)



# ဓမ္မစကြာမုဒြာဆင်းတုတော်ဗုဒ္ဓဘိသေက အနေကဇာတင် ဆင်ယင်ကျင်းပ



**ပုသိမ်ကြီး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီး မြို့နယ် ခေမာဘယရွာဓမ္မရက္ခိတ ကျောင်းတိုက်အတွင်း၌ အလှူရှင်ဦးဆောင်း(ကဗျာဆရာမောင်ကာဠု (ပုသိမ်ကြီး)တည်ထားကိုးကွယ်သော ဓမ္မစကြာမုဒြာဘွဲ့အမည်ရှိသော ဆင်းတုတော်ကြီး ဗုဒ္ဓဘိသေက အနေကဇာတင် ဆင်ယင်ပူဇော်ပွဲ အခမ်းအနားကို ဇွန် ၆ ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်းတိုက်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် ကဗျာဆရာမောင်ကာဠု(သား)ဦးဇော်နိုင်ဦး+ ဒေါ်ယဉ်မင်းသူ(ဥက္ကဋ္ဌ၊ ခေမာနာရေးကူညီမှုအသင်း)၊ (သား)မောင်အုန်းချို မိသားစုနှင့် ကြွရောက်လာကြသော ဧည့်ပရိသတ်တို့က ယင်းတိုက်ပင်ကျောင်း ဆရာတော် ဘဒ္ဒန္တ စန္ဒိမာထံမှ ရေစက်ချတရားနာယူ ကြည်ညိုကြသည်။

ဆက်လက်၍ ပင့်သံဃာများအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး ကြွရောက်လာကြသော ဧည့်ပရိသတ်အပေါင်း နံနက်စာ အာဟာရကျွေးမွေးလှူဒါန်းသည်။

အဆိုပါ ဓမ္မစကြာမုဒြာ ဗုဒ္ဓဆင်းတုတော်သည် စကျင်ကျောက်သားဖြင့် ထုလုပ်ထားပြီး ဉာဏ်တော် ငါးပေခန့်ရှိ ရုပ်ပွားတော် ဖြစ်သည်။ ကုန်ကျငွေ သိန်း ၇၀ ဖြစ်သည်။ ထို့အပြင် အလှူရှင် ကဗျာဆရာ မောင်ကာဠုသည် ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်းပြုပြင်ခြင်း၊ ခေမာနာရေးကူညီမှုအသင်းသို့ လျှပ်စစ်ခေါင်းတလားလှူဒါန်းခြင်းတို့ကိုလည်း ကျပ်သိန်းနှစ်ရာနီးပါး ကုန်ကျခံ၍ ကုသိုလ်ပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

(PNT)

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**ကံမ ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် တောင်သူများ မိုးရာသီစိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၅၂) အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ဇွန် ၁၁ ရက် နံနက် ၉ နာရီက ပုညိုကျေးရွာအုပ်စုမှ တောင်သူ ၁၃၂ ဦးတို့၏ မိုးစပါး စိုက်ဧက ၂၇၃ ဧကအတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် ငွေကျပ် သိန်းပေါင်း ၂၇၀၀၀ သိန်း ထုတ်ချေးပေးရန် လျာထားပြီး မိုးစပါး စိုက်ပျိုးမြေတစ်ဧကလျှင် ငွေကျပ် တစ်သိန်းငါးသောင်းနှုန်း မြေပဲ၊ နှမ်း အစရှိသည့် အခြားသီးနှံစိုက်ဧက တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ယနေ့အထိကျေးရွာအုပ်စု ခုနစ်အုပ်စုမှ တောင်သူ ၅၄၁ ဦး၏ မိုးစပါး စိုက်ဧက ၁၄၁၉ ဧကအတွက် ငွေကျပ် ၂၁၂၈ ဒသမ ၅ သိန်းအား ထုတ်ချေးပေးပြီးဖြစ်ပြီး ကျန်ရှိနေသော ကျေးရွာအုပ်စုများမှ တောင်သူများကိုလည်း ဆက်လက်၍ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊
စာပေ
လေ့လာစို့ ။

# ပြင်ဦးလွင်မြို့နယ် ကော်ဖီစီမံကိန်းဧရိယာအတွင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်ရန် မြေနေရာချထားပေးမည်

**ပြင်ဦးလွင် ဇွန် ၁၂**

မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရန် ကော်ဖီအဓိက တင်ပို့ရောင်းချသော နိုင်ငံဖြစ်လာစေရန်၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြင်ဦးလွင်မြို့ကို ကော်ဖီမြို့တော်ဖြစ်လာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကော်ဖီစီမံကိန်းဧရိယာအတွင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်ရန် စိတ်ပါဝင်စားသူများအား မြေနေရာချထားပေးသွားမည် ဖြစ်သည်။

မြေနေရာရရှိပြီးသူများအနေဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ကော်ဖီစိုက်ပျိုးထုတ်လုပ်သွားရမည်ဖြစ်သည်။ စိတ်ဝင်စားသော မြန်မာနိုင်ငံသားများ (တစ်ဦးချင်း၊ အစုအဖွဲ့လိုက်၊ ကုမ္ပဏီ)အနေဖြင့် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရုံးအမှတ် (၁၅)တွင် ၂၀၂၄ ခုနှစ် ဇွန် ၆ ရက်မှ ဇူလိုင် ၇ ရက်အတွင်း လာရောက်လျှောက်ထားနိုင်ကြောင်း၊ ဖုန်း ၀၉-၄၂၈၅၉၅၅၉၃သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(ယာပုံ)**

(၀၄၅)




ပတ်စရာ၊ မှတ်စရာ
စုံလင်
ပန်းရနံ့

## အိမ်အပြန် လက်ဆောင်

---

* ဘဝတာမှာ
ခဏလာပြီး
အရသာရှာမတွေ့ဘဲ
ပြန်ကြသူတွေလည်း ရှိကြတယ်။

* ဘဝလမ်းတစ်ထောက်မှာ
ကျဘမ်းလျှောက်ပြီး
အစလမ်းပျောက်နေကြသူတွေလည်း
ရှိကြတယ်။

* ဘဝခရီးတိုတိုမှာ
စပြီးမချိုခဲ့လို့
ငိုပြီးကာလျှောက်လှမ်း
ပင်ပန်းနေသူတွေလည်း
ရှိကြတယ်။

* မနုသတ္တဒုလ္လဘ
ရခဲလို့ ရခဲ့ကြပေမယ့်
ကိုယ့်အဖို့ပဲ လုပ်လုပ်
အထုပ်အပိုးတွေပြင်
အပုတ်အသိုးတွေယူငင်ပြီး
ပြန်သွားကြသူတွေလည်း
ရှိကြတယ်။

* ဘဝတစ်ခုရလာ
ဘာမျှအနှစ်မပါ
ဖာသိဖာသာ နေရင်း
ဖာသိဖာသာ သေသွားသူတွေလည်း
ရှိကြတယ်။

* တန်ဖိုးကြီးလှ
လူ့ဘဝကို
ရခိုက်လေးမှာ
အများအကျိုး
ရွက်သည်ပိုးကြ
အတ္တနဲ့ ပရနှစ်ဖြာ
မျှတစွာ ဆောင်ရွက်ရင်း
အိမ်အပြန်လက်ဆောင်
ကောင်းတာလေးတွေ
ယူရအောင်။ ။

**ချစ်ဝေ(ခေမာမြေ)**



## သတင်းပဒေသာ

### လူထုအခြေပြုဗဟိုဌာနတွင် ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲ ၁၂ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ကွန်ပျူတာအခြေခံသင်တန်း (၄/၂၀၂၄) ဖွင့်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ၏ ထောက်ပံ့လမ်းညွှန်မှုနှင့် ကလေးခရိုင်၊ စီမံအုပ်ချုပ်ရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကွန်ပျူတာအခြေခံသင်တန်း (၄/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်း၊ အဘိတ်ဆေး(Abate) ခပ်ခြင်းကို ယနေ့နံနက် ၉ နာရီမှစ၍ ဌာနဆိုင်ရာရုံးများ၊ ကျောင်းများနှင့် မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### လူထုဖြန့် ပျိုးပင်ပေါင်း (၁၀၀၀၀) ပျိုးထောင်ထားရှိ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ မိုးရာသီကာလအတွင်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဌာနဆိုင်ရာများနှင့် စာသင်ကျောင်းများ၊ ဒေသခံပြည်သူများ အခမဲ့ရယူစိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့မ ယာယီပျိုးဥယျာဉ်တွင် လူထုဖြန့်ပျိုးပင်ပေါင်း(၁၀၀၀၀) ပျိုးထောင်ထားရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### လူထုအခြေပြုဗဟိုဌာနတွင် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ယနေ့ မွန်းလွဲပိုင်းက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ပုံပြင်ပြောပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် ၆၉ ဒသမ ၉၁ရာခိုင်နှုန်းရှိ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ ၂၇၅ ဦးရှိပြီး အောင်မြင်သူဦးရေ ၁၇၃ ဦးရှိရာ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၆၂ ဒသမ ၉၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)ကွန်ဟိန်းမြို့၊ (နမ့်ကုန်) မူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲအား ဇွန် ၁၁ရက် နံနက် ၁၀ နာရီကဆောင်ရွက်ခဲ့သည်။ မြို့နယ်ဦးစီးမှူးဦးခွန်ရဲထွေးက ကလေးငယ်များ အသိပညာဗဟုသုတများရရှိစေရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဦးပွားဘုရားအတွင်းရှိ ဆုထူးပန်စေတီတော် ရွှေထီးတော်အသစ် တင်လှူပွဲ ကျင်းပ

**မန္တလေး ဇွန် ၁၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ရှေးဟောင်းဦးပွားဆုတောင်းပြည့်စေတီတော် ဘုရားကြီးဝင်းအတွင်းရှိ "ဆုထူးပန်"စေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် အသစ်ပြန်လည် တင်လှူခြင်းမင်္ဂလာအခမ်းအနားကို နှစ်ဖက်သော မိဘများအား အမှူးထား၍ အဖ ဦးအောင်တင်+ အမိ ဒေါ်ကျင်မြိုင်၊ (ညီမ) မသင်းသင်းစံတို့အား ရည်စူး၍ မြို့ဟောင်းဈေး(၄၉၂)တမွဝတီရပ်နေ အလှူရှင် အစ်ကို ဦးကျင်ဆိုင်+ဒေါ်ကြည်ကြည်သန်း၊ ဦးထွန်းထွန်းလင်း+ဒေါ်စန်းစန်းရင်၊ (မောင်)ဦးအေးကိုကို+ဒေါ်နန်းထွမ်းရင်(တရုတ်ကြီးကုန်စုံဆိုင်)မိသားစုတို့က ယနေ့နံနက် ၆ နာရီ ၃၅ မိနစ်တွင် ၄င်းစေတီတော်၌ ရွှေထီးတော်တင်လှူပူဇော်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို လယ်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တ ပညာသီရိ(မဟာသဒ္ဓမ္မဇောတိကဓဇ)က မင်္ဂလာအချိန်တွင် သတ္တဝါအပေါင်းအေးချမ်းသာယာစေကြောင်း ဂါထာကို ရွတ်ဖတ်ပြီး အလှူရှင်မိသားစုတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတောင်း၊ ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား ပင့်ဆောင်၍ စေတီတော်အား လက်ျာရစ်(၃)ပတ် လှည့်လည်ပူဇော်၍ ရွှေထီးတော်ကို အထွတ်တင်လှူပူဇော်ပြီး ဆရာတော်၊ သံဃာတော်တို့က ဘုရားအနေကဇာတင်ခြင်း မင်္ဂလာပြုလုပ်သည်။

ထို့နောက် သာသနဝိပုလသိမ်တော်ကြီး၌ ဆရာတော်များ အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ဒေါနခြံအုဋ္ဌကျောင်း၊ မဟာမြတ်မုနိဘုရားကြီး ဒုတိယရေတော်ဆရာတော်က ဘဒ္ဒန္တ ဝဏ္ဏိသာရ (မဟာဂန္ထဝါစကပဏ္ဍိတ) က ငါးပါးသီလချီးမြှင့်ပေးကာ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်မှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှအတမ်းပေးဝေသည်။

အဆိုပါ ထီးတော်တင်လှူပွဲသို့ ဦးပွားဘုရားနာယက ဆရာကြီး ဦးတင်မောင်၊ ဥက္ကဋ္ဌ ဦးမြင့်ဦး၊ ဥက္ကဋ္ဌ ဦးသက်နိုင်ယု၊ ဦးမင်းမင်းဦးနှင့် အဖွဲ့ဝင်များ၊ ဓမ္မာစကြာအဖွဲ့နှင့် အလှူရှင်မိသားစုများ တက်ရောက်ကြပြီး အဆိုတော် သရုပ်ဆောင် မိုးခမ်းက ဓမ္မတေးဖြင့် ပူဇော်ပေးကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၀၄၆)**

## နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူခြင်း ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲ ကျင်းပမည်

**မန္တလေး ဇွန် ၁၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား ဒုတိယအကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားများကို ၁၃၈၆ခုနှစ်၊ နယုန်လပြည့်နေ့၊ ဇွန် ၂၁ ရက်၊ သောကြာနေ့ နံနက် ၆ နာရီတွင် ကျင်းပသွားမည် ဖြစ်သည်။

နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားအားအလှူရှင်ဦးဝင်းဆွေ+ဒေါ်တင်တင်ခိုင်(မန်းရွှေလီကုမ္ပဏီနှင့် ဘီအိုစီကုမ္ပဏီ)မိသားစုက ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပူဇော်ခြင်း ဖြစ်ကြောင်း သိရသည်။ **(၀၄၅)**

၀-၀-၀-၀-၀-၀-၀

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်

**မန္တလေး ဇွန် ၁၂**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကေသဝ အရှင်မြတ်ဘုရားက ဟောကြားချီးမြှင့်သော ရေစက်ချအနုမောဒနာတရားအား နာယူကြည်ညိုကြပြီး မိဘများနှင့် ခင်ပွန်းဦးမောင်မောင်ကျော်အား ရည်စူး၍ မန္တလေးမြို့၊ မဟာမြိုင်အပိုင်း(၂)နေ ဒေါ်ခင်စန်းမြင့်၊ (နှမ)ဒေါ်တင်တင်စိန်၊(သား)ကိုမိုးကျော်သူ+ ဒေါ်နန်းကျော့ကျော့ထွေး၊ (မြေး) မောင်ကျော်စွမ်းထက်၊ မခင်ဆုသျှင် မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၀ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၅ သိန်း၊ စုစုပေါင်းငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးကျော်ဝင်းက လက်ခံရယူသည်။

အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်တို့အား နေ့ဆွမ်း ဆက်ကပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ကဆ)**

## ရာသက်ပန်ဆွမ်းပဒေသာပင် စိုက်ထူ

**မန္တလေး ဇွန် ၁၂**

မန္တလေး၊ လမ်း ၆၀ ရှိ၊ မဟာဝိဇယကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ မဲထီကျောင်းတိုက်သို့ ရာသက်ပန်ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲကို ယနေ့ ဇွန် ၁၀ ရက် နံနက် ၉ နာရီက အလှူရှင်မိသားစုများ နေထိုင်ရာ လမ်း ၆၀ ရှိ မဟာမြိုင်-၂ ရပ်ကွက်၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်မိသားစုနှင့် ဧည့်ပရိသတ်အပေါင်းတို့က မဟာဝိဇယကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစာရထံက သီလခံယူဆောက်တည်ပြီး သံဃာတော်များ ရွတ်ဖတ်ပူဇော်သော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် အလှူရှင် ဒေါ်တင်မြနှင့် မိဘများဖြစ်ကြသော ဦးထွန်းလှ+ဒေါ်အမ်းနှင့် အဘိုး၊ အဘွား၊ အစ်ကို၊ အစ်မနှင့် ကျေးဇူးရှင်များကို ရည်စူး၍ ပင့်သံဃာတစ်ပါးလျှင် ငွေကျပ် ငါးသောင်းနှုန်းနှင့် သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး မဟာဝိဇယကျောင်းတိုက် ရာသက်ပန်မွေးနေ့ ဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၃၀ ဆက်ကပ်သည်။ ထို့နောက် သားဖြစ်သူ ကိုရဲမင်းကျော်(ခ)ကိုရဲရဲကလည်း အဘိုး၊ အဘွား၊ ကျေးဇူးရှင်များနှင့် ဦးအုန်းလှိုင်+ဒေါ်တင်မြ တို့အား အမှူးထား၍ မဲထီကျောင်းတိုက်သို့ ရာသက်ပန်မွေးနေ့ ဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၃၀ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် မဟာဝိဇယဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြည်ညိုပြီး ပင့်သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(ဝဲပုံ)**



**(ကဆ)**

အသက်သည် သွေး
သွေးသည် အသက်

# ဘဝ၏အစ ပထမစာမျက်နှာ မန်းတက္ကသိုလ်မှာ

ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)

စာရေးသူနဲ့ ကျွန်တော့်အပေါင်းအသင်း ချစ်သူငယ်ချင်းများတို့ဟာ ယခုအခါ အသက်တွေကြီးလာလို့ စတုတ္ထအရွယ် (၆၅)နှစ်ကျော်လို့ (၇၀)နှစ်အတွင်း ချင်းနင်းဝင်ရောက်လို့ ဇရာအိုဘဝ ရောက်ရှိနေခဲ့ကြပေပြီ။ မလွန်ဆန်နိုင်တဲ့ ဇရာရဲ့သဘောကို စောကြောလို့ မဖြစ်နိုင်တော့ပါ။ ဇရာကို အန်တုလို့ ရန်မပြုနိုင်ကြတော့ပါ။ ဆန်ဖြူသွားကြွေ ပါးရည်နပ်ရည်တွန့်လို့၊ စိတ်သွားတိုင်းလည်း ကိုယ်မပါ လိုရာကို မသွားနိုင်ကြတော့တာ အမှန်ပါ။ ကိုယ့်ကိုယ်ကိုမှ အနိုင်နိုင်မယိုင်မလဲ ခိုင်ခိုင်မြဲမြဲဖြစ်နေရန် မလွယ်ကူကြတော့ပါ။ အစစအရာရာ သွားသတိ လာသတိ စားသတိ ဂရုပြုလို့နေထိုင်ကြရတဲ့ အချိန်တွေပါ။ ကျွန်တော်တို့ရဲ့ ရုပ်ခန္ဓာတွေဟာ ငယ်စဉ်ကနဲ့ လုံးဝမတူကြတော့ တဖြည်းဖြည်း အိုရှုံအိုရှုံလာနေကြပေပြီ။ အသက်တွေကလည်း ပို၍ပို၍ ကြီးပြင်း၍လာနေကြပါပြီ။ ခန္ဓာကိုယ်မှ ကြွက်သားများကလည်း အားနည်း၍ အားနည်း၍ လာနေကြပေပြီ။ သွားလာလှုပ်ရှားမှုတွေကလည်း တဖြည်းဖြည်း နှေး၍နှေး၍ လာနေကြပေပြီ။ ငယ်စဉ်အခါတုန်းကလို သွက်လက်မှု ထက်မြက်မှုတွေလည်း မရှိကြတော့ပါ။ မှတ်ဉာဏ်တွေကလည်း တဖြည်းဖြည်း လျော့ပါးလို့ မေ့လျော့စပြုလာနေချေပြီ။

သို့သော်လည်းလေ ဒါပေမယ့်ပေါ့ ဘယ်လောက်ပင် အိုမင်းလို့နေကြပါစေ။ ယိုယွင်းလို့နေကြပါစေ။ သွားလာလှုပ်ရှားမှုတွေက မည်မျှပင်နှေးကွေးလို့ သွေးလေးလို့နေစမ်းကြပါစေ။ အမြင်အာရုံများကလည်း ထွေပြားလို့ ဝေဝါးလို့နေကြပါစေ။ အကြားအာရုံများကလည်း နည်းပါးလို့နေကြပါစေ။ အညာမြေက မန်းတက္ကသိုလ်မှာ ပညာသင်ကြားခဲ့ကြရတဲ့ အချိန်ကာလတွေ 'ဘဝ၏အစ ပထမအရွယ်၊ ပညာသင်ယူခဲ့ကြတဲ့အရွယ်၊ ဘဝ၏အစ ပထမစာမျက်နှာများ' ကိုတော့ ယနေ့ထိတိုင် မမေ့ပျောက်နိုင်ကြသေးပါ။ အမြဲတသ သတိရနေပါသည် မန္တလာမြေက တက္ကသိုလ်ဆီသို့ပါ။ မန်းမြေမှာ လေးနှစ်တာ ပညာဆည်းပူးခဲ့ကြသည့် အချိန်အခါကိုတော့ မေ့မရကြသေးတာ အမှန်ပါဘဲဗျာ။

စာရေးသူတို့ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်ကျော်ကာလ (၁၉၇၁-၇၅) ခုနှစ်အချိန်တွေက တမာဝေတဲ့ အညာမြေက မန်းတက္ကသိုလ်မှာ ပညာဆည်းပူးခဲ့ကြတာပါ။။ ဆယ်ကျော်သက်အရွယ် နုနုငယ်ငယ်ဆိုလေတော့ အမိတက္ကသိုလ်ကြီးမှာ စာတွေသင်လိုက်ကြ၊ လက်တွေ့တွေလုပ်လိုက်ကြ၊ သူငယ်ချင်းများနဲ့ စာပေဆိုင်ရာငြင်းကြခုံကြ၊ ဆွေးနွေးကြ၊ ကွင်းဆင်းလေ့လာကြ၊ ပျော်ပွဲစားထွက်ကြ၊ ညနေဆည်းဆာဂီတပဒေသာပွဲမှာ သီချင်းဝင်ဆိုကြ၊ ပြေးခုန်ပစ်မှာလည်း ပါဝင်ဆင်နွှဲကြ၊ ဘောလုံးပွဲမှာလည်း ဘူမိဗေဒအသင်းက ပထမ၊ ဘူမိဗေဒဌာနက ထုတ်ဝေတဲ့ 'ကျောက်ရိုင်း' နံရံကပ်စာစောင်မှာလည်း ပါဝင်ရေးသားလိုက်ကြ၊ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းမှာလည်း ကလောင်ဝင်သွေးလိုက်ကြဆိုတော့ အဘယ်မှာ မေ့မရတော့မှာလဲဗျာ။ ဘူမိဗေဒ ဘာသာရပ်ဆိုတာ အခြားနဲ့မတူ နှစ်စဉ်ကွင်းဆင်းလေ့လာကြရလေတော့ ကွင်းထဲမှာ စခန်းချ နေထိုင်ခဲ့ကြတဲ့ ရွာငယ်လေးတွေမှာ အတူနေ အတူစား အတူချက်ပြုတ်၊ အတူတူသွား တောထဲတောင်ထဲမှာ လေ့လာခဲ့ကြတာဆိုတော့ သူငယ်ချင်းတွေရဲ့ ခင်မင်ရင်းနှီးမှုက ပိုပါတယ်။ အရမ်းကို ခင်မင်ခဲ့ကြပါတယ်ဗျာ။ ညီရင်းအစ်ကိုမောင်ရင်းနှမ ချစ်ကြခင်ကြ ကြင်နာကြတာ စံပြပါ။

မန်းတက္ကသိုလ်ကြီးဟာ စာရေးသူတို့ရဲ့ဘဝကို အပြောင်းလဲကြီး ပြောင်းလဲစေခဲ့တာပါ။ အခြေခံပညာမှသည် အဆင့်မြင့်ပညာရပ်များကို သင်ယူခွင့်ရခဲ့ပါတယ်။ မြင့်မားတဲ့ တိုင်လုံးကြီးများနှင့် လှပခန့်ထည်လှတဲ့ ပင်မကျောင်းဆောင်ကြီးကို နေ့စဉ်နေ့တိုင်းတွေ့မြင်ခွင့်ရခဲ့ပါတယ်။ ပင်မဆောင်ကြီးရဲ့ ခပ်စိပ်စိပ် လှေကားထစ်တွေပေါ်မှာလည်း ခပ်နေးနေးတစ်မျိုး ခပ်မြန်မြန်တစ်သွယ် ခေါက်တုံ့လူးလာ ကျော်လွှားခဲ့ကြရတာကလည်း နေ့စဉ်ပါပဲ။ ဘူမိဗေဒဌာန တည်ရှိနေတာက ပင်မဆောင်ကြီးရဲ့ အနောက်မြောက်ဘက်က အကယ်ဒမီဆောင်ကြီးရဲ့ အပေါ်ထပ်မှာပေါ့။ လက်တွေ့ချိန်တွေဆိုရင်တော့ ဘူမိဗေဒ လက်တွေ့ခန်း(၁)-(၂)မှာ လက်တွေ့လုပ်ကြရတာပါ၊ လက်ချာတန်းကတော့ အင်းဝဆောင်မှာပါ၊ ရူပဗေဒလက်တွေ့ကိုတော့ ရူပဗေဒ အဆောက်အအုံကြီးရဲ့အပေါ်ထပ်၊ ဓာတုဗေဒလက်တွေ့ကိုတော့ ပင်မဆောင်ကြီးရဲ့ အပေါ်ထပ်အရှေ့ဘက်ခြမ်းမှာဆိုတော့ ပင်မဆောင်အတွင်းက လှပတဲ့ကြောင်လိမ်လှေကားကြီးပေါ် အပြေးတက်ခဲ့ကြရတာလည်း ပျော်စရာကြီးပါပဲဗျာ။

၁၉၇၁ စက်တင်ဘာလ ဒုတိယပတ်ထဲမှာ ကျောင်းစတက်ရပါတော့တယ်။ တက္ကသိုလ်ကျောင်းသားကြီး စဖြစ်ခဲ့တာပေါ့။ အင်းဝဆောင်က စာသင်ခန်းမှာ ဘူမိဗေဒဘာသာကို စတင်သင်ကြားခဲ့ရတာပေါ့။ မေဂျာဘာသာချိန်တွေက နေ့လယ်ပိုင်းတွေမှာဆိုတော့ နည်းနည်းတော့ အိပ်ငိုက်ချင်တာပေါ့။ ထိုစဉ်က ပထမနှစ်ဘူမိဗေဒ သင်ခန်းစာတွေကို ဆရာလေး ဦးကျော်ဝင်းက လက်ချာပုံစံနှင့် သင်ပေးပါသည်။ ဆရာသင်ပြတာ သေသေချာချာ နားထောင်ပြီး အာရုံစိုက်ကြရပါတယ်။ ယနေ့ခေတ်လို ဆရာပြောတာကို နောက်ကလိုက်ပြီး အသံကုန်အော်စရာမလိုပါ။ တကယ့်နိုင်ငံတကာ လက်ချာ စနစ်ပါ။ လက်ချာဂိုက်စာအုပ်မရောင်းပါ ဆရာ ရှင်းပြတာကိုသာ သေသေချာချာ မှီအောင်လိုက်ရေး၊ မိမိတို့နားလည်သလို ချရေးခဲ့ရတဲ့စနစ်ပါ။

ဆရာက အထွေထွေဘူမိဗေဒကို အကျယ်တဝင့် ရှင်းပြခဲ့ပါတယ်။ နားလည်သည်အထိ အထပ်ထပ်အခါခါ ရှင်းပြခဲ့တယ်။ ဘူမိဗေဒဆိုတာကို ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုပြခဲ့ပါတယ်။ ဆရာ့ရဲ့ စိတ်ပါလက်ပါ အားပါးတရ သင်ကြားမှုများကို ယနေ့ထိတိုင် အမှတ်ရနေဆဲပါ။ 'ဘူမိဗေဒဆိုတာ ဒို့တတွေ နေထိုင်ကြတဲ့ ဤကမ္ဘာမြေကြီးရဲ့အကြောင်းကို လေ့လာတာပါ။ ကမ္ဘာကြီးဖြစ်ပေါ်လာပုံ၊ နေစကြဝဠာနဲ့ နဂါးငွေ့တန်းကြယ်စု၊ ဂြိုဟ်ကြီးကိုးလုံးနဲ့ နေစကြဝဠာ၊ ကမ္ဘာမြေရဲ့ အရန်ဂြိုဟ်တစ်လုံးက လကမ္ဘာ၊ လကမ္ဘာကြီးကို တစ်လမှာ တစ်ကြိမ်လှည့်ပတ်နေတာ၊ ဒီကမ္ဘာကြီးကို အလွှာသုံးလွှာနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာ၊ ကမ္ဘာ့ဗဟို၊ ကမ္ဘာ့ကြားလွှာနဲ့ အပေါ်ယံလွှာဆိုပြီးတော့ ခွဲခြားနိုင်ကြောင်း' စသည်တို့ကို သတိရနေဆဲပါ။ အိပ်ငိုက်ချင်တဲ့ မျက်လုံးတွေကျယ်သွားပြီး တပည့်တွေကို စိတ်ဝင်စားလာအောင် သင်ပြပေးနိုင်တဲ့ ဆရာတစ်ယောက်ပါ။

နောက်နေ့တွေမှာတော့ ဆရာက တွင်းထွက်ဆိုတာဘာလဲ၊ ဓာတုဖွဲ့စည်းပုံက ဘယ်လို၊ ဂုဏ်သတ္တိတွေက ဘယ်လိုဆိုတာကို သင်ကြားပေးပါတော့တယ်။ 'ကျောက်ပြုတွင်းထွက်၊ သတ္တုရိုင်းတွင်းထွက်၊ စက်မှုကုန်ကြမ်းတွင်းထွက်ဆိုပြီး အဓိကသုံးမျိုးရှိကြောင်း၊ ဤတွင်းထွက်များ စုဝေးဖြစ်ပေါ်လာမှုကြောင့် ကျောက်ဆိုတာ ဖြစ်ပေါ်လာကြောင်း။ ဖြစ်ပေါ်လာပုံချင်း မတူညီကြတဲ့အတွက် မီးသင့်ကျောက်၊ အနည်ကျကျောက်နဲ့ အသွင်ပြောင်းကျောက်ဆိုပြီးတော့ အဓိကကျောက်ကြီးသုံးမျိုးရှိကြောင်း' ကို သိလာရပါတယ်။ တွင်းထွက်များရဲ့ ရုပ်ဂုဏ်သတ္တိနဲ့ ဓာတုဂုဏ်သတ္တိတွေကိုလည်း အလွတ်ကျက်မှတ်ခဲ့ရတာတွေ၊ လက်တွေ့ခန်းမှာ တွင်းထွက်တွေ ကျောက်တွေကို မြင်တာနဲ့ အလွတ် ပြောပြနိုင်အောင် ကျက်မှတ်ခဲ့ရတာလည်း အမောပါပဲဗျာ။

ဘူမိဗေဒ၏ ဘာသာရပ်ခွဲများကို ဆရာက သေသေချာချာ ရှင်းပြတော့မှ ကျယ်ပြန့်တဲ့ဘာသာအသုံးဝင်တဲ့ဘာသာရပ် တစ်ခုဆိုတာကို သိလာရပါတော့တယ်။ ပုံဆောင်ခဲပညာ၊ တွင်းထွက်ပညာ၊ ကျောက်ပညာ၊ ကျောက်လွှာပညာ၊ အနေထားဘူမိဗေဒ၊ ကျောက်ဖြစ်ရုပ်ကြွင်းဗေဒ၊ အင်ဂျင်နီယာဘူမိဗေဒ၊ အသုံးချဘူမိဗေဒ၊ ဘူမိရူပဗေဒ၊ ဘူမိဓာတုဗေဒ၊ ရေနံဘူမိဗေဒ၊ သတ္တုတွင်းဘူမိဗေဒ၊ စီးပွားဖြစ် ဘူမိဗေဒ၊ ငလျင်ပညာ၊ မီးတောင်ပညာ၊ ဝန်းကျင်ဘူမိဗေဒ စသည်တို့ကို သိလာမြင်လာရပါတယ်ဗျာ။

စာသင်ခန်းအတွင်းမှာ သင်ကြားပြသမှုသက်သက်ဖြင့် ဘူမိဗေဒကို ကောင်းစွာတတ်မြောက်ပြီဟု မဆိုနိုင်ပါ။ လက်တွေ့ကွင်းဆင်းလေ့လာ၍ ကျောက်များမည်ကဲ့သို့တည်ရှိနေပုံ၊ လွှာထပ်နေပုံ၊ တိမ်းစောင်းနေပုံ၊ တွန့်ခေါက်နေပုံ၊ တွင်းထွက်များ စုဝေးနေကြပုံ၊ အနည်ကျအနေအထားများ၊ ပုံဆောင်အနေအထား၊ ကျောက်သားအနေအထား၊ တွေ့မြင်ကြရမဲ့ ကျောက်ဖြစ်ရုပ်ကြွင်းများကို ကွင်းထဲတွင်သာ သေသေချာချာ လေ့လာနိုင်ပါမယ်။ အဲဒါကြောင့် ကွင်းဆင်းဘူမိဗေဒ ဘာသာရပ်ဟာ အလွန်အရေးပါလှပါတယ်။ ကျောင်းသားများကို ကွင်းဆင်းလေ့လာစေတယ်။ ကျောက်အမျိုးအစားကို ခွဲခြားစေတယ်။ အနည်ကျ အနေအထားများကို ကြည့်ရှုကြ မှတ်သားထားကြစေပါတယ်။ တွင်းထွက်များကို သေသေချာချာ ကြည့်ရှုစေပါတယ်။ ဘူမိဗေဒ အနေအထားများကို တိုင်းတာစေပါတယ်။ ကျောက်ခဲနမူနာများ၊ ရုပ်ကြွင်းများကို ကောက်ယူစေပါတယ်။ ဘူမိဗေဒမြေပုံများကို ရေးဆွဲစေပါတယ်။ နောက်ဆုံးမှာတော့ ကွင်းဆင်းဒေသရဲ့ ဘူမိဗေဒ အစီရင်ခံစာကို ရေးသားပြုစုကြရပါတယ်။ ကွင်းထဲတွင် နောက်ဆုံးနေ့မှာ နှုတ်မေးစာမေးပွဲ ဖြေဆိုကြရပါတယ်။ သင်ရိုးညွှန်းတမ်းတစ်ခုအဖြစ် ကွင်းဆင်းဘူမိဗေဒ ဘာသာရပ်ကို သတ်မှတ်ထားပါတယ်။ ကွင်းဆင်းဘူမိဗေဒကို အောင်မြင်မှသာ ဘူမိဗေဒဘွဲ့ကို ထိုက်ထိုက်တန်တန် ရရှိကြမည်ဖြစ်ပါတယ်။

နှစ်စဉ်နွေရာသီ သို့မဟုတ် ဒီဇင်ဘာကျောင်းပိတ်ရက်များကို ဘူမိဗေဒကွင်းဆင်းရာသီအဖြစ် သတ်မှတ်ထားပြီး သက်ဆိုင်ရာ အတန်းများအလိုက်၊ သတ်မှတ်ထားသည့်အချိန်ကာလ၊ သတ်မှတ်ထားသည့် ကွင်းဆင်းဒေသများမှာ လက်တွေ့ကွင်းဆင်းလေ့လာကြရပါတယ်။ ထိုအခါ ကျောင်းသားများဟာ မိမိတို့မရောက်ဘူးသေးတဲ့ဒေသ၊ မရဘူးသေးတဲ့ ကွင်းဆင်းအတွေ့အကြုံများ၊ မသိသေးတဲ့ ကွင်းဆင်းဒေသရဲ့ ဘူမိဗေဒ၊ မတွေ့ဘူးသေးတဲ့ ဒေသခံများ၊ မကြားဘူးသေးတဲ့ ဒေသိယစကားနဲ့ ဓလေ့စရိုက်များကို သိလာရပါတယ်။ ဗဟုသုတ တိုးပွားရပါတယ်။ အသိပညာများ ရရှိလာကြတယ်မဟုတ်ပါလော။

မှတ်မှတ်ထင်ထင် စာရေးသူတို့၏ ပထမနှစ် ကွင်းဆင်းခရီးစဉ်ကို ပြန်လည်တသ သတိရမိပါတယ်။ ပထမနှစ်ဖြစ်၍ ဒေသတစ်ခုတည်းကို အသေးစိတ်လေ့လာခြင်းမျိုးမဟုတ်ဘဲ မြန်မာပြည်အလယ်ပိုင်း မြေနိမ့်လွင်ပြင်ကြီးရဲ့ အထွေထွေ ဘူမိဗေဒကို ကျယ်ကျယ်ပြန့်ပြန့် သိရှိကြစေရန် ရည်ရွယ်လျက် ရွေ့လျားရှည်လျားခရီးစဉ်ကို စီစဉ်ပေးပါတယ်။ ၁၉၇၁ ဒီဇင်ဘာ တတိယပတ်မှ ၁၉၇၂ ဇန်နဝါရီ ပထမပတ်အထိ ၁၅ ရက်ကြာ ရက်တိုကွင်းဆင်းသင်တန်းဖြစ်ပါတယ်။

မန္တလေးဘူတာကြီးမှ ညနေပိုင်းထွက်တဲ့ ရန်ကုန်စာပို့ရထားကြီးနဲ့ ခရီးစဉ်ကိုစတင်ခဲ့ပါတယ်။ ပျဉ်းမနားမှာ ညအိပ်ရပ်နားကြခဲ့ရပါတယ်။ ရထားတွဲပေါ်မှာပဲ တစ်ညတာ အိပ်စက်ခဲ့ကြရပါတယ်။ နောက်တစ်နေ့ အရုဏ်တက်ချိန်မှာတော့ မိမိတို့ရထားတွဲကြီးအား တောင်တွင်းကြီးရထားနဲ့ ချိတ်ဆက်ပြီးတော့ ခရီးဆက်ခဲ့ကြပါတယ်။ တောင်တွင်းကြီးကိုရောက်တော့ ကားပြောင်းစီးကြရပါတယ်။ မကွေးသို့ ဖြစ်ပါတယ်။ တောင်တွင်း-မကွေး ခရီးလမ်းတစ်လျှောက်ရှိ ဘူမိဗေဒများကို ဆရာကြီးများက အလှည့်ကျ ရှင်းလင်းပြောပြကြပါတယ်။ တချို့နေရာများမှာတော့ ကားပေါ်ကဆင်းကြပြီး နယ်ပယ်ဘူမိဗေဒကို အားရပါးရ ရှင်းပြကြပါတယ်။ ဗိဿနိုးမြို့ဟောင်းသို့လည်း ခေတ္တဝင်ရောက် လေ့လာခဲ့ကြပါတယ်။ ရှေးဟောင်းသုတေသနဦးစီးဌာန တာဝန်ခံကလည်း စိတ်ရှည်လက်ရှည် ရှင်းပြခဲ့တာကို သတိရနေဆဲပါ။ ညနေစောင်း နေဝင်ဖြိုးဖြအချိန်မှာတော့ မကွေးမြို့ကို ရောက်ရှိခဲ့ကြပါတယ်။ မကွေးဒီဂရီကောလိပ်အတွင်းက ဟန်လင်းကျောင်းဆောင်မှာ ညအိပ်ရပ်နားခဲ့ကြပါတယ်။

နောက်တစ်နေ့နံနက်စောစောမှာ မကွေးတစ်ဘက်ကမ်း မင်းဘူးသို့ ဇက်ရေယာဉ်နဲ့ ကူးခဲ့ကြပါတယ်။ ထိုစဉ်က မကွေးတံတားကြီး မရှိသေးပါ။ မန်းရေနံမြေ၊ ထောက်ရှာပင်ရေနံမြေသို့ သွားရောက်လေ့လာခဲ့ကြပါတယ်။ မန်းရေနံမြေက မော်တော်ယာဉ်များစီစဉ်ပေးပါတယ်။ လက်ရှိတူးနေတဲ့ ရေနံစင်ကြီးများပေါ်တက်ပြီး လေ့လာခွင့်ပြုပါတယ်။ ရေနံတူးသည့် လွန်သွားများ၊ အသုံးပြုနေတဲ့ တွင်းတူးစက်ကြီးများလည်ပတ်နေပုံ၊ မြေသားအနေအထားပေါ်မူတည်ပြီး တစ်နာရီကို ၀ ဒသမ ၂ မီတာမှ တစ်မီတာအနက်ထိတူးနိုင်ကြောင်း၊ လွန်တူးပိုက်များ မညပ်စေရန် သတိပြုရကြောင်း၊ မြေတွင်းဖိအားကို ထိန်းရန် ဘရိုက်တီးကျောက်မှုန့်ကို ရေဖျော်ပြီး ထည့်ပေးရကြောင်း၊ တွင်းတူးလို့ထွက်လာတဲ့ မြေစာတွေကို ဘူမိဓာတ်ခွဲခန်းက အချိန်နှင့်အမျှ စောင့်ကြည့် မှတ်တမ်းပြုနေရကြောင်း စတာတွေကို မိမိတို့ ဉာဏ်မီသမျှ မှတ်ထားခဲ့တာကိုလည်း သတိရမိပါတော့တယ်။ သတိရနေဆဲပါ မန္တလာမြေက တက္ကသီလာ။

# ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ပထမရရှိသူ ငါးဘာသာဂုဏ်ထူးရှင် မလင်းလက်တွယ်တာနှင့် တွေ့ဆုံမေးမြန်းခြင်း



**ကျွန်းလှ ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ပထမရရှိသူ အထက(ကျွန်းလှ)မှ ငါးဘာသာဂုဏ်ထူးရှင် မလင်းလက်တွယ်တာနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး**။ ။ သမီးအနေနဲ့ ငါးဘာသာဂုဏ်ထူးရရှိပြီး မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ရရှိအောင် ကြိုးစားခဲ့ပုံကိုပြောပြပါဦး။

**ဖြေ** ။ ။ သမီး တစ်နှစ်ပတ်လုံး တစိုက်မတ်မတ် စာကိုကြိုးစားခဲ့ပါတယ်။ သင်ခန်းစာတွေကိုလည်း ကြေကြေညက်ညက်ဖြစ်အောင် မေ့မသွားအောင် စာတွေထပ်ခါထပ်ခါကျက်ခဲ့ပါတယ်။ ကျန်းမာရေးဂရုစိုက်တဲ့အနေနဲ့ ကိုယ်ကာယလေ့ကျင့်ခန်းတွေလုပ်တယ်။ ညဘက်မှာ တရားထိုင်တယ်၊ ပုတီးစိပ်ပါတယ်။ စာကျက်လို့ပင်ပန်းလာရင် အနားပေးအပန်းဖြေပါတယ်။ အဲလို တစ်နှစ်ပတ်လုံး စာကျက်လိုက်၊ အနားပေးလိုက်၊ ဘာသာတရားလုပ်လိုက်နဲ့ ကြိုးစားခဲ့လို့ အခုလို အောင်မြင်မှုရရှိတာဖြစ်ပါတယ်။

**မေး** ။ ။ မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးနဲ့ ပထမရရှိတဲ့အတွက် စိတ်ထဲဘယ်လိုခံစားရပါသလဲ။

**ဖြေ** ။ ။ သမီး မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးနဲ့ ပထမရရှိတဲ့အတွက် ကိုယ်တိုင်ပျော်ရွှင်ရသလို မိဘ ဘိုးဘွားတွေ၊ ဆွေမျိုးသားချင်းတွေ၊ ပညာသင်ကြားပေးတဲ့ ဆရာ၊ ဆရာမတွေ အတိုင်းမသိ ဝမ်းသာပျော်ရွှင်နေကြပါတယ်။ သမီးရဲ့ ရှေ့ဆက်မယ့် ပညာရေးခရီးမှာ ဝိုင်းဝန်းကူညီမယ်လို့သိရတဲ့အတွက်လည်း ပိုပြီးပျော်ရွှင်ရပါတယ်။

**မေး** ။ ။ သမီးရှေ့ဆက်မယ့် ရည်မှန်းချက်လေးပြောပြပါဦး။

**ဖြေ** ။ ။ သမီး နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်တဲ့ ကျောင်းသား၊ ကျောင်းသူတွေ မွေးထုတ်ပေးမယ့် ပညာရေးတက္ကသိုလ်တက်ဖို့ ရည်ရွယ်ထားပါတယ်။

**မေး** ။ ။ သမီးအနေနဲ့ မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများကို အကြံပြုတိုက်တွန်းချက်လေးပြောပေးပါ။

**ဖြေ** ။ ။ မောင်ငယ် ညီမငယ်တွေ ဖွဲလုံ့လမလျှော့ဘဲ ကိုယ်တကယ်လုပ်ရင် တကယ်ဖြစ်တယ်ဆိုတဲ့ စိတ်နှလုံးသွင်းပြီး ကြိုးစားကြပါ။ ရည်မှန်းချက်ကြီးကြီးထားပြီး အောင်မြင်အောင်ကြိုးစားကြပါလို့ တိုက်တွန်းပြောကြားလိုက်ရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၉၉ ဦးဖြေဆိုပြီး အောင်မြင်သူ ၆၉ ဦး (၆၉ ဒသမ ၇၀)ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

(၄၈၀)



# ယခုနှစ်မိုးရာသီ သစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၂၇၈၀၀၀ ကျော် ပျိုးထောင်ထားရှိ

**မင်းဘူး ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးရာသီတွင် သစ်ပင်များ စိုက်ပျိုးနိုင်ရန် မြို့နယ်သစ်တောဦးစီးဌာနရှိ ကျောက်တန်းပျိုးဥယျာဉ်နှင့် ကန်ရေပျိုးဥယျာဉ်တို့တွင် ပျိုးပင်ပေါင်း ၂၇၈၀၀၀ ကျော်ကို ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

မြို့နယ်သစ်တောဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အဆိုပါ ပျိုးပင်များထဲမှ ၁/၂၀၂၄ ကျေးရွာထင်းစိုက်ခင်း ၃၀ ဧက အတွက် ပျိုးပင်ပေါင်း ၃၆၃၀၀၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း ၁၂၅၀ ဧကအတွက် ပျိုးပင်ပေါင်း ၁၈၇၅၀၀၊ ဌာနဆိုင်ရာ၊ တပ်ရင်းတပ်ဖွဲ့နှင့် ပြည်သူလူထုအတွက် ဖြန့်ဝေမည့် ပျိုးပင်ပေါင်း ၅၀၀၀၀၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တမာပျိုးပင်ပေါင်း ၂၀၀၀၀ နှင့် အထူးစိမ်းလန်းစိုပြည်ရေး (တစ်အုပ်တစ်မအသွင်ဖြင့်) စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၅၀၀၀ တို့ကို ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးဖြန့်ဝေပေးသွားမည်ဖြစ်သည်။

"မင်းဘူး(စကု)မြို့နယ်ဟာ ယခုနှစ်နွေရာသီမှာ ကမ္ဘာ့အပူချိန်အမြင့်မားဆုံး မြို့နယ်အနေနဲ့ ပါဝင်ခဲ့ပါတယ်။ ဒါကြောင့် မိမိတို့နေထိုင်ရာဒေသနဲ့ သဘာဝပတ်ဝန်းကျင်တွေ စိမ်းလန်းစိုပြည်လာစေဖို့ဆိုရင် ပြည်သူလူထုအနေနဲ့ သစ်ပင်စိုက်ပျိုးခြင်း အစီအစဉ်အတွေမှာ ပူးပေါင်းပါဝင်ပြီး စိုက်ပျိုးရမှာပါ။ သစ်ပင်စိုက်ပျိုးခြင်းဟာ အရိပ်အာဝါသရရှိပြီး မျက်စိပသာဒဖြစ်စေရုံသာမက စိတ်ကြည်နူးမှုကို ရရှိစေနိုင်တဲ့အပြင် အခုလို အပူဒဏ်တွေကိုလည်း ကာကွယ်နိုင်ပြီးတော့ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်စေမှာဖြစ်ပါတယ်"ဟု မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးမြင့်အောင်က ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးသွားမည့် ပျိုးပင်များမှာ ကျွန်း၊ ယူကလစ်၊ ပိတောက်၊ ကုလားကုက္ကို၊ ယင်းမာ၊ မာတာကွတ်၊ စိန်ပန်းကြီး၊ တမာ၊ မဲဇယ်၊ ဆီသပြေ၊ ဆီးနှင့် မျှင်ဝါး စသည့် ပျိုးပင်ပေါင်း ၂၇၈၆၀၀ ကို ပျိုးထောင်ထားရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၅၀၀)

# ဝါသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး ဝါစိုက်တောင်သူများ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**ကျောက်ပန်းတောင်း ဇွန် ၁၂**

ဝါသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဝါကောက်ယူရာတွင် Grade ခွဲခြားကောက်ယူရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝါစိုက်ပျိုးသည့်တောင်သူများ၊ လုပ်ငန်းရှင်များ၊ မိတ်ဖက်ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၁၁ရက် နံနက် ၁၀နာရီက မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ စံပြရပ်ကွက်ရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးကိုကိုနိုင်က ဝါပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဝါကောက်သိမ်းရာတွင် Grade ခွဲခြားဝယ်ယူရေး လုပ်ငန်းစဉ်များနှင့် ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး၊ ဝါစိုက်တောင်သူများအနေဖြင့် နိုင်ငံစီးပွား မြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများ ဝယ်ယူခွင့်ရရှိနိုင်ရေး တောင်သူအစုအဖွဲ့များ စုဖွဲ့ထားရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်ရေး ပညာပေးဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးတာဝန်ခံ၊ နည်းစနစ်တာဝန်ခံများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးတို့က မိမိတို့ ကဏ္ဍအလိုက် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးအေးမော်က နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေ ထုတ်ချေးပေးသွားမည့် အခြေအနေများနှင့် တောင်သူများအနေဖြင့်ဆောင်ရွက်ထားရှိရမည့် အစီအစဉ်များ၊ ဝါစိုက်ပျိုးနည်းစနစ် မှန်ကန်ရေးနှင့် လိုအပ်သည့် မျိုးရရှိရေးတို့ကို တင်ပြဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာသည့် တောင်သူများက မြေပြုပြင်ရာတွင် လိုအပ်သည့် သွင်းအားစုအခြေအနေများ၊ မျိုးကောင်းမျိုးသန့်ရရှိနိုင်မည့် အခြေအနေများနှင့် ဈေးကွက်အခြေအနေများကို တင်ပြဆွေးနွေးကြရာ၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၄၅၆)



# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုအသိပညာပေးဆိုင်းဘုတ် စိုက်ထူ

**ကလေး ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုအသိပညာပေး မြေစိုက်ပိုစတာ ဆိုင်းဘုတ်စိုက်ထူခြင်းကို ယနေ့ နံနက် ၁၀ နာရီခွဲအချိန်က လူစည်ကားရာ ဗိုလ်ချုပ်လမ်းဆုံနှင့် ကလေးလေဆိပ်တို့၌ ပြုလုပ်ခဲ့သည်။

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း လူထုအသိပညာပေး "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေး မြေစိုက် ပိုစတာဆိုင်းဘုတ်စိုက်ထူပွဲသို့ ကလေးခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

**အမှိုက်မပစ်ခင် တွေးတောဆင်ခြင်။**

# စားအုန်းဆီလက်ကားရည်ညွှန်းဈေးအနည်းငယ်တက်

**မန္တလေး ဇွန် ၁၂**

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုများအရ ယခုတစ်ပတ် ဇွန် ၁၀ ရက်မှ ဇွန် ၁၆ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၅၃၆၅ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေငြာထားသည်။

ပြီးခဲ့သည့်တစ်ပတ် ဇွန် ၆ ရက်မှ ဇွန် ၉ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကား ရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၅၃၄၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် အခြေခံလက်ကားရည်ညွှန်းဈေးသည် ငွေကျပ် ၅၃၆၅ ဖြစ်သဖြင့် ဈေးအနည်းငယ်မြင့်တက်သွားခြင်း ဖြစ်သည်။

စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ ဘဏ်စရိတ်များ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် အပတ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

(မန္တလေးနေ့စဉ်–၅)

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ်(၁-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်း-မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၁၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးသိန်းဇော်(၅/ကသန(နိုင်)၀၀၂၄၂၂)က အမှုတွဲအမှတ်(၁၅၄၆/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ်(၉-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၃၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန်းခင်(၉/မရမ(နိုင်)၀၃၇၃၀၃)က အမှုတွဲအမှတ်(၁၅၅၄/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ်(၂၀-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၃၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်သူရ(၁/မညန(နိုင်)၁၂၃၇၅၈)က အမှုတွဲအမှတ်(၁၅၆၅/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ်(၈-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၂၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ငွေ(၁/မကတ(နိုင်)၀၀၀၂၆၆)က အမှုတွဲအမှတ်(၁၅၅၃/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ်(၇-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၂၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်လတ်(၁/မကတ(နိုင်)၀၀၁၀၂၀)က အမှုတွဲအမှတ်(၁၅၅၂/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ်(၁၉-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၂၄/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန်းခင်(၉/မရမ(နိုင်)၀၃၇၃၀၃)က အမှုတွဲအမှတ်(၁၅၆၄/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ် (၆-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၂၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုင်းမောင်အေး(၁၃/သပန(နိုင်)၀၂၇၀၃၄)က အမှုတွဲအမှတ်(၁၅၅၁/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ် (၅-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၂၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သိမ့်သိမ့်ဆွေ(၁/မကတ(နိုင်)၀၀၁၀၂၁)က အမှုတွဲအမှတ်(၁၅၅၀/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ်(၂-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၁၇/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြင်ကြင်စိုး(၉/မနမ(နိုင်)၀၈၂၅၅၅)က အမှုတွဲအမှတ်(၁၅၄၇/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ်(၁၈-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၃၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ငွေ(၁/မကတ(နိုင်)၀၀၀၂၆၆)က အမှုတွဲအမှတ်(၁၅၆၃/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ် (၄-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၁၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကေနိုင်မြင့်(၉/မနမ(နိုင်)၀၆၄၃၈၄)က အမှုတွဲအမှတ်(၁၅၄၉/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ် (၃-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၁၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ရွှေ(၁/မကတ(နိုင်)၀၀၀၂၆၅)က အမှုတွဲအမှတ်(၁၅၄၈/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ်(၁၇-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၃၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်လတ်(၁/မကတ(နိုင်)၀၀၁၀၂၀)က အမှုတွဲအမှတ်(၁၅၆၂/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ် (၁၀-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၂၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးသိန်းဇော်(၅/ကသန(နိုင်)၀၀၂၄၂၂)က အမှုတွဲအမှတ်(၁၅၅၅/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ် (၁၁-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၂၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြင်ကြင်စိုး(၉/မနမ(နိုင်)၀၈၂၅၅၅)က အမှုတွဲအမှတ်(၁၅၅၆/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ်(၁၂-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၂၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်သူရ(၁/မညန(နိုင်)၁၂၃၇၅၈)က အမှုတွဲအမှတ်(၁၅၅၇/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ်(၁၆-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၃၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုင်းမောင်အေး(၁၃/သပန(နိုင်)၀၂၇၀၃၄)က အမှုတွဲအမှတ်(၁၅၆၁/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ်(၁၃-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၂၈/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ရွှေ(၁/မကတ(နိုင်)၀၀၀၂၆၅)က အမှုတွဲအမှတ်(၁၅၅၈/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ်(၁၄-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၂၉/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကေနိုင်မြင့်(၉/မနမ(နိုင်)၀၆၄၃၈၄)က အမှုတွဲအမှတ်(၁၅၅၉/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(စ-၉)၊ ဦးပိုင်အမှတ်(၁၅-ခ)၊ ၅၉လမ်းတောင်ဘက်၊ နဒီမြောင်းနှင့် မြို့ပတ်ရထားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၉၃/၂၀၀၉)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၃၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သိမ့်သိမ့်ဆွေ(၁/ကမတ(နိုင်)၀၀၁၀၂၁)က အမှုတွဲအမှတ်(၁၅၆၀/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေး ဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက် စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန် နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်စေရန် အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံး မှာ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြရေး ပင်ဖြစ်ကြောင်း အသိပေးတိုက်တွန်း မှာကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နေပြည်တော် ဇွန် ၁၂

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ရေကူးကန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ် အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမှာစကား ပြောကြားရာတွင်ရေကူးအားကစားနည်းသည် ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ စသည့် နိုင်ငံတကာ အားကစားပြိုင်ပွဲကြီးများတွင် ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့အားကစားနည်းများကဲ့သို့ မဖြစ်မနေ ထည့်သွင်းကျင်းပသည့် အားကစားနည်းတစ်ရပ် ဖြစ်ပါကြောင်း၊ ရွှေတံဆိပ် အများဆုံး ချီးမြှင့်သည့် အားကစားနည်းများထဲတွင် ရေကူးအားကစားနည်းပါဝင်ပါကြောင်း၊ ထို့ပြင် အားကစားသမားတစ်ဦးတည်းက ဆုတံဆိပ်များစွာ ရယူပေးနိုင်သည့် အားကစားနည်း တစ်ခုအဖြစ်လည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

### မပျက်မကွက် ထည့်သွင်းကျင်းပပေး

ထို့ကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရာတွင် ရေကူးအားကစားနည်းကို မပျက်မကွက် ထည့်သွင်းကျင်းပပေးခဲ့ပါကြောင်း၊ ရေကူးအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ရန်အတွက် အရည်အချင်းရှိပြီး နုပျိုထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ရှိနေရန်လည်း လိုအပ်ပါကြောင်း၊ ထို့ပြင် ယခုပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားများကို ကြီးကြပ်ကွပ်ကဲ လိုက်ပါလာကြသည့် အုပ်ချုပ်မှုအဖွဲ့များအနေဖြင့်လည်း မိမိတို့အသင်း အဆင့်မြင့်မြင့် ယှဉ်ပြိုင်အောင်ပွဲခံနိုင်ရေးအတွက် မိမိတို့ပြည်နယ်နှင့် တိုင်းဒေသကြီး အတွင်းတွင် အဆင့်ဆင့်သော ပြိုင်ပွဲများကျင်းပပြီး စနစ်တကျ လူရွေးချယ်ကာ အချိန်အတိုင်းအတာတစ်ခုအထိ စခန်းသွင်းလေ့ကျင့်လာရောက်ယှဉ်ပြိုင်ခြင်းမျိုးဖြစ်အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

အားကစားမောင် / မယ်များ အနေဖြင့်လည်း မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်း အောင်နိုင်ရေးအတွက် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အနိုင်မခံအရှုံးမပေးဘဲ အကောင်းဆုံး ပါဝင် ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မြန်မာ့လက်ရွေးစင် အသင်းကို အင်အားဖြည့်တင်းနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာစေရန် ကြိုးစားသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ ဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲပွဲစဉ်ယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူငယ်များ ရေကူးအားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် ရေကူးမျိုးဆက်သစ် လူငယ်များ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၁ သင်းနှင့် အမျိုးသမီးအသင်း ၁၁ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်